

တက္ကသိုလ်သီဟအောင်
အမုန်းမဲ့ကဗျာ
(၄) အုပ်တွဲသိုင်းစာစဉ်
ပထမပိုင်း
ဝမ်အင်း၏ ချင့်ချင်ယွဲ့တောင်း
2000
သိုင်းစာစဉ်များpage.
ALiEN.
4.9.2018
Alienမှ pdf အဖြစ် ကောန်ဗတ်သည်



၉ . ၂၀ . ၁၂
၀ . ၁၈ . ၂
၂၁-၁၉-၅

ရတနာ စာပေ
အမှတ် ... ဘုရား တိုက်ခန်း (စ)
... ... ...
မြို့သစ်၊ မန္တလေး
ဆိုင်အမှတ်(၁၇) ...
... – ပြည်ကျော်...
မန္တလေး မြို့

၂၀

# တက္ကသိုလ် သိဟအောင်

# အမုန်းမဲ့ သိုင်းကဗျာ

၁
၃၀-၅

## ( ပထမပိုင်း )

ရတနာ * စာပေ
လ–၂/၇၀၁ (၆၂) လမ်း
မြို့သစ်၊ မန္တလေး

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး -- ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး -- ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး -- ဒို့အရေး

## ပြည်သူ့ သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ရတနာ ✲ ၁၁၆၁
တ—၂/၇၁၊ (၆၂) ထမ်း
မြို့သစ်၊ မန္တလေး။

## သေပြေး ရှင်ပြေး

---

ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင် သန်းနေသည်။

တိမ်ဖြူများသည် လေနှင့်အတူ လွင့်မျောနေ၏။

ငှက်ကလေးတို့က အသံစာစာလေး ပေး၍ ပျံသန်းသွားကြလေသည်။

မိုးကောင်းကင်ကြီး အောက်တွင် ဝန်းကျင် တစ်ခုလုံး သာယာလှပနေပါသည်၊

စိမ်းလန်းသည့် တောအုပ်၊ ကွင်းပြင်၊ တောင်ကုန်းနှင့် တောင်တန်း၊ မြစ်ချောင်း အင်းအိုင်များကို တွေ့မြင်ရမည်

ဖြစ်ပြီး ဆေးရေးမမီသော သဘာဝ ပန်းချီကားတစ်ချပ်ပမာ ရှိနေပါ၏၊

သဘာဝတရားသည် လောကကြီးအား ထာဝရအလှဆင် ထားပါ၏။

လောကအလှကို ဖျက်ဆီးနေသူတို့ကား လူသားတို့သာ လျှင် ဖြစ်ပေသည်၊

ယခုလည်း....

စိမ်းလန်းသည့် တောအုပ်အတွင်း၌ လူသုံးယောက်သည် သေပြေးရှင်ပြေး ပြေးနေကြပြီး ဓားလှံလက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူများက သဲကြီးမဲကြီး လိုက်နေသည်ကိုတွေ့မြင်ရမည် ဖြစ်သည်။

z z z

မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့တို့အား သယ်ဆောင်လာသည့် လေပြည်သည် ရုတ်တရက် ရပ်တန့်သွားသည်။
တေးသီကျူးနေသည့် ငှက်ကလေးများသည် အဝေးသို့ ပျံသန်းသွားကြ၏။



အေးချမ်းမှုကို ပြေးလွှားလာသော ခြေသံများ၊ ညာသံပေးသံတို့က ဖြိုခွင်းလိုက်သည်။

လောကအလှကို လူသားတို့က ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်ပေတော့သည်။

လူသုံးယောက်။

အဘိုးအို တစ်ယောက်၊ အသက်လေးဆယ်ခန့် ရှိသူ တစ်ယောက်နှင့် အသက် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသည့် မိန်းကလေး တစ်ယောက်တို့သည် ဆူးငြောင့် ခလုတ်များကိုပင် အမှုမထားနိုင်ဘဲ သေပြေးရှင်ပြေး ပြေးနေကြ၏။

ကိုယ်ကြွပ်အင်္ကျီဝတ်ထားပြီး လက်နက်ကိုယ်စီကိုင်ဆောင်သူ တစ်စုက ညာသံပေး၍ လိုက်လာသည်။

ရှေ့မှ ပြေးသူများသည် သားကောင်နှင့်တူပြီး နောက်မှ လိုက်လာကြသူများက ဝံပုလွေများနှင့် တူလှပေ၏။

သားကောင်တို့သည် ဝံပုလွေများလက်မှ လွတ်မြောက်နိုင်ပါမည်လော။

အသက်လေးဆယ်ခန့် ရှိသူသည် အခြေအနေ မဟန်မှန်း သိသဖြင့် ....

'အိမ်ထိန်းကြီး၊ သခင်မလေးကို ခေါ်ပြီးပြေးပါ၊ကျုပ် ရန်သူကို ဟန့်တားထားလိုက်မယ်'

ဟု ပြော၏။

မိန်းကလေးနှင့် အဘိုးအိုတို့ ခြေလှမ်းရပ်ကြသည်။

မိန်းကလေးမှာ တစ်ကိုယ်လုံး ချေးတို့ စိုနေ၏။

လှပချောမောသည့် မျက်နှာမှာ ထိတ်လန့်သည့် အသွင် အထင်းသား ပေါ်လွင်နေ၏။
'ဦးလေး ကျော်ခို'
ဟု ခေါ်၏။

အသက်လေးဆယ်ခန့် ရှိသူက ဘာမှ အမှုမထားတော့ဘဲ နောက်လှည့်၍ လိုက်လာသူများထံ ပြန်ပြေးသွားသည်။

ထိုလူသည် စံပုလေ့တစ်သိုက် မလိုက်နိုင်အောင်အစွမ်းကုန် တားဆီးမည် ဖြစ်ကြောင်း ထင်ရှားပေ၏။

မိန်းကလေး စိုးရိမ်သွား၍
'အိမ်ထိန်းကြီး၊ ဦးလေးကျော်ခိုဟာ ရန်သူတွေနဲ့ ရင်ဆိုင်နေပြီ လုပ်ပါဦး'



ထပ်ရက်... 59
...အမှန်းမဲ့သိုင်းစာဖတ်(ပ)
စာအုပ်တင်ဂိုး ...

ဟု ပြောသည်။
အဘိုးအိုက
'သခင်မလေး၊ ကျုပ်တို့ သွားခွင့်ရအောင်'

ဟူသာ တိုက်တွန်းသည်။

မိန်းကလေးက

'ဟာ ကျွန်မတို့ သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ဦးလေးကျော်ခို တစ်ယောက်တည်း၊ ရန်သူက အများကြီး၊ကျွန်မတို့ သွားကူကြရအောင်'

အဘိုးအို ခေါင်းခါလိုက်၏။

'ကျုပ်တို့က ရှောင်ထွက်မသွားရင် ကျော်ခို့ရဲ့ စေတနာက အကျိုးမဲ့ သွားမှာပေါ့၊ စံအိမ်တော်က ထွက်လာကတည်းက ကျုပ်တို့ကို သုတ်သင်ဖို့ ရန်သူတွေ ကြိုးစားခဲ့ကြတာပဲ၊လမ်းခရီးမှာ ကျုပ်တို့ လူတွေ တစ်ယောက်ပြီး တစ်ယောက်ကျဆုံးခဲ့တာ၊ အခုဆိုရင် ကျုပ်တို့ သုံးယောက်ပဲ ကျန်တယ်၊ ကျုပ်တို့ပါ သူတို့လက်ချက် မိရင် သခင်ကြီးအတွက် ဘယ်လိုလုပ် မျှော်လင့်ချက် ရှိမှာလဲ'

ဟု ပျောင်းဖျ၏။

လူမက

'ဦးလေးကျွင်ခုံ တစ်ယောက်တည်း ထားပြီး ကျွန်မတို့ ကိုယ်လွတ်ရုန်း ထွက်သွားဖို့ သင့်တော်ပါ့မလား၊ ကျွန်မတို့ စုပေါင်းပြီး ခုခံဆိုင်ကြတာပေါ့'

ပြောရင်း ခါးမှဓားကို ခွမ်းခနဲ မြည်အောင် ဆွဲထုတ်၏။

အဘိုးအိုက
'သခင်မလေး သွားလို့မဖြစ်ဘူး'
ဟု လမ်းပိတ် တားထားသည်။

သူမ မကျေမနပ် ဖြစ်မိ၏။
'အိမ်ထိန်းကြီး လမ်းဖယ်ရင်ကောင်းမယ်'
အဘိုးအို ခေါင်းခါသည်။

'မဖယ်နိုင်ပါဘူး၊ သခင်မလေးက ရန်သူတွေနဲ့ သွားရင်ဆိုင်ရင် ကျုပ်ကို အဆုံးစီရင်မှ ဖြစ်လိမ့်မယ်'

ဟု တည်ကြည်သော မျက်နှာဖြင့် ပြောသည်။

သူမ မချင့်မရဲ ဖြစ်သွားလေ၏။

အဘိုးအိုက

'လှမ်းခရီးမှာ ကျဆုံးခဲ့ကြတဲ့ ကျုပ်တို့ လူတွေဟာ သခင်မလေး လိုရာကိုရောက်နိုင်အောင် အသက်သွေးနဲ့ စတေးခဲ့ကြ



တာပေါ၊ သခင်မလေး အနေနဲ့ သူတို့ရဲ့ သစ္စာစောင့်သိမှုနဲ့ အနစ်နာခံမှုကို အလေးအနက် ထားသင့်ပါတယ်'

ထိုစကားကြားလျှင် သူမ ငိုင်သွားလေသည်။

အိမ်ထိန်းကြီးက

'အခုလဲ ကျွင်ခုံဟာ သခင်မလေး ထွက်သွားနိုင်အောင် ရန်သူတွေကို ဟန့်တားနေတုန်း ကျုပ်တို့ သွားကြတာ အကောင်းဆုံးပါပဲ'

သူမ သက်ပြင်းချလိုက်၏။

အဘိုးအိုက

'သခင်မလေး လိုရာကို ရောက်မှသာ သခင်ကြီးရဲ့အစီအမံ အတိုင်း ဆောင်ရွက်နိုင်မှာ ဖြစ်တယ်၊ သခင်မလေး တာဝန်ယူထားတဲ့ ကိစ္စဘယ်လောက် အရေးကြီးတယ်ဆိုတာ သခင်မလေး အသိဆုံးပါ၊ ကျုပ်တို့ သွားကြပါစို့'

ဟု ထပ်မံ တိုက်တွန်း၏။

သူမ မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်တို့ ဖြစ်ပေါ်လာပါသည်။

ရီဝေဝေသာ မျက်လုံးတို့ဖြင့် ကျင်ခုံကို လှမ်းကြည့်သည်။

ကျင်ခုံမှာ ဒေးတစ်လက်ဆွဲကိုင်၍ ရန်သူများ ရှေ့မတိုးနိုင်အောင် ဟန့်တား တိုက်ခိုက်နေပြီ ဖြစ်၏။

'ခြိမ်း ခြိမ်း ခြိမ်း'
'စုန်း'
'အား'

'အမယ်လေး'

'သေပါပြီဗျ'

လက်နက်ချင်း ပြင်းထန်စွာ ထိတွေ့မိသည့်အသံ၊ ညာသံပေးသံ စူးရှစွာ အော်ဟစ်သံတို့ တစ်ခဲနက် ထွက်ပေါ်လာ၏။

ကျင်ခုံက အများနှင့် တစ်ယောက် မကြောက်မရွံ့ ရင်ဆိုင်နေ၍ အစွမ်းကုန် ဟန့်တားသော်လည်း ကြာရှည် ဟန့်တားနိုင်မည် မဟုတ်ပေ။

ရန်သူတို့သည် အလွန် ရက်စက်သည့် လက်မရွံ့ လူသတ်သမားများ ဖြစ်ကြသည် မဟုတ်ပါလား။

သူမ အံတင်းစွာ ကြိတ်၏။

'ဦးလေးကျင်ခုံကို ကျွန်မဘယ်တော့မှ မေ့မှာမဟုတ်ဘူး'



ဟု တိုးတိုး ရေရွတ်လိုက်သည်။

တစ်ဖန် အိမ်ထိန်းကြီးဘက် လှည့်၍
'ကျွန်မတို့ သွားကြစို့'
ဟု ပြောလိုက်၏။

သူက မီးကုန်ယမ်းကုန်ဟန့်တားတိုက်ခိုက်နေသည့် ကျင်ခုံကို လှမ်းကြည့်သည်။

သူ၏ မျက်လုံးတို့ ရီဝေနေသည်။

သူကိုယ်တိုင် ကျင်ခုံထံ သွားရောက် ကူညီလိုစိတ် ရှိသည်။

သို့သော်

စိတ်ဆန္ဒကိုအလိုမလိုက်ဘဲ အမိန့်အကျသည့် ကိစ္စကိုဆောင်ရွက်ရန် နားလည်၍ ချာခနဲလှည့်ပြီး ထွက်သွားလေသည်။

သူမလည်း ပြေးလွှား လိုက်ပါသွားလေတော့သည်။

x x x

အိမ်ထိန်းကြီးနှင့် သခင်မလေးတို့ ထွက်သွားကြပြီဖြစ်၏။

သူတို့သည် လျင်မြန်စွာ ပြေးသွားကြ၍ တစ်ခဏအတွင်း မှုခပင် မြင်ကွင်းမှ ပျောက်ကွယ်လေ၏။

သူတို့ လွတ်မြောက်ကြ၍ ကျောင်ခုံ ကျေနပ်မိသည်။

ရန်သူတို့ကို စေ့စေ့ကြည့်ရင်း
'သေချင်ရင် ရှေ့တိုးခဲ့ကြ'
ဟု စိန်ခေါ်သည်။

ကျောင်ခုံ၏ လက်ချက်ကြောင့် ရန်သူတို့ မြေပေါ် လဲကျ၍ အသက်ပျောက်နေကြ၏။

ထိုအတူ

ထိုလူတို့ လက်ချက်ကြောင့် ကျောင်ခုံ၏ ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်များ ရရှိ၍ သွေးရဲရဲ နီနေပြီဖြစ်၏။

သို့တိုင်

ကျောင်ခုံသည် ခေါင်းကို တင်းကျပ်စွာဆုပ်ရင်း လမ်းပိတ်၏။

ကျောင်ခုံကိုကြည့်၍ ထိုလူများ စိုးရွံ့ကြပုံ ရှိ၏။



ရှေ့မတိုးဝံ့ဘဲ တုန့်ဆုတ်ဆုတ် ဖြစ်နေ၏။

'ယား ဟား ဟား'

ကျောင်ခုံက ရယ်လိုက်လေသည်။

'ဘယ်လိုလဲ၊ မင်းတို့ ရှေ့မတိုးရဲတော့ဘူးလား၊ သခင်မလေးကို လုပ်ကြံချင်တယ်ဆိုရင် ကျုပ်ကို ကျော်ဖြတ်နိုင်မှဖြစ်မယ်၊ ကျုပ်အလုံ ရှေ့တိုးတဲ့လူကို တစ်ယောက်မှ အလွတ်ပေးမှာ မဟုတ်ဘူး'

ဟု ပြတ်သားစွာ ပြောလိုက်သည်။

ထိုလူများ လှုပ်လှုပ်ရွရွ ဖြစ်မိ၏။

ကျောင်ခုံကို ရှင်းပစ်နိုင်မှသာ သခင်မလေးနောက်သို့ လိုက်နိုင်မည် ဖြစ်ရကား—

'တိုက်ကြဟေ့'
'ယား'

ညာသံပေး၍ တစ်ရှန်ထိုး ပြေးဝင် တိုက်လိုက်ကြသည်။

သူ့ကလည်း ကြောက်လန့်မှုအင်းစွာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သည့်တိုက်ပွဲ ဖြစ်ပေါ်လာပြန်၏။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

ကျယ်လောင်သော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာပြန်၏။

ထိုလူတို့ လဲကျသွားကြသည်။

ထိုအခါတွင်

ကျောင်းခုံ၏ ခန္ဓာကိုယ်ပေါ်တွင် ဓာတ်ရောင်တို့ တိုးပြီး တစ်ကိုယ်လုံး ရဲရဲနီနေပါတော့သည်။

ကျောင်းခုံသည် သံမဏိဖြင့် ထုပ်ထားသူ မဟုတ်ပါ။

စိတ်ဆောင်နေ၍ ခန္ဓာကိုယ်က မဟန်တော့ဘဲ ယိုင်လာလေသည်။



မည်သို့ဆိုစေ ဒုတိယအကြိမ် တိုက်ခိုက်ပြီး မကြာမီ-

ထိုလူတို့သည် ကျောင်းခုံကို မကောင်းဆိုးဝါးတစ်ကောင်ဟု ထင်မှတ်ကြ၍ နောက်ဆုတ်လိုက်လေသည်။

'ဟား ဟား ဟား'

ကျောင်းခုံက ရယ်လိုက်ပြန်၏။

ထိုသို့ ရယ်လိုက်သော်အခါ သူ၏ နှုတ်ခမ်းထောင့်မှ သွေးတို့ စီးကျလာ၏။

'ဘယ်လိုလဲ ကြောက်နေပြီလား၊ လာလေကွာ၊ ချူအိမ်တော်က ကိုယ်ရံတော် ကျောင်းခုံဟာ မင်းတို့ကို သုံးမပြုမယ်'

ဟု ကြုံးဝါးလိုက်၏။
ထိုလူများ ရှေ့မတိုးရဲဘဲ ဖြစ်နေ၏၊
ထိုစဉ်

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံတို့ ထွက်ပေါ်လာသည်။

ငှက်ကြီးတစ်ကောင် ပျံလာသည့်အလား လူရိပ်တစ်ခုက လေထဲမှ ခုန်ပျံ၍ ရောက်ရှိလာ၏။

ကျောင်ခုံ မော့ကြည့်လိုက်သည့်အခါ အရိပ်မည်း သဏ္ဍာန် တစ်ခုကို တွေ့မြင်ရ၏။

သူက ဓားဖြင့်လှမ်းခုတ်ရန် ဟန်ပြင်သည်။

သို့သော်

သူ ပလှုပ်ရှားနိုင်မီ ထိုအရိပ်မည်းသည် တစ်ဟုန်ထိုး တိုး ဝင်လာ၍ တိုက်ခိုက်လိုက်လေ၏။

သူသည် ရှောင်ဖို့ နေနေသာ မည်သို့ ဖြစ်ပျက်သည်ကိုပင် မသိနိုင်တော့ချေ။

'ဝုန်း'

'အား'

ကျယ်လောင်သော အသံများ ထွက်ပေါ်လာပြီး ကျောင်ခုံ အဝေးသို့ လွင့်စဉ်သွား၏။



ချူအိမ်တော်မှ သူရဲကောင်း ကိုယ်ရံတော် ကျောင်ခုံသည် မြေပေါ် လဲကျပြီးနောက် တုတ်တုတ်မျှ မလှုပ်ဘဲ အသက် ပျောက်သွားသည့်တိုင် ယခုလို ခံရမည်ဟု မျှော်လင့်မထား။

မျက်လုံးတို့ ပြူးပြီး မယုံနိုင်မှု အံ့ဩမှုတို့ အတိုင်းသား ပေါ်လွင်နေပါသည်။

ရန်သူများကို သူ၏ ဟန့်တားမှုက မျက်စိတစ်မှိတ် လျှပ် တစ်ပြက်မှာ ပြီးဆုံးလေ၏။

ကျောင်ခုံအား သုတ်သင်ပစ်သူမှာ အသက် ၄၀ ခန့်ရှိသည်။

အဖြူရောင် အနားကွပ်၊ အပြာရောင် အဝတ်အစားတို့ ဝတ်ဆင်ထား၏။

မျက်လုံးတို့က အစိမ်းရောင် သန်း၍ ဟန်မူရာ ဆင်းမဲ့ သည့် လူသေအလောင်း၏ မျက်နှာမျိုး ရှိ၏။

ထိုလူသည် စုရုံးနေသူများကို ကြည့်ပြီး

'မင်းတို့ ဘာငိုင်နေတာလဲ၊ ခုထိ လိုက်မသွားကြသေး ဘူးလား'

ဟု အေးတိအေးစက် ပြောလိုက်၏။

ထိုအခါ

မည်သူမျှ မနေဝံ့ကြဘဲ သခင်မလေး တို့ နောက်သို့ လိုက်သွားကြလေသည်။

၀ ၀ ၀

## ခဲလေသမျှ သဲရေကျသည်

နေမွန်းတည့်တော့မည် ဖြစ်သည်။

ပူပြင်းသော နေအရှိန်ကြောင့် လမ်းပေါ်၌ လူသွားလူလာ ကျဲပါးလေ၏။

မြို့အဝင်လမ်းကို လှမ်းမြင်နိုင်သည့် စားသောက်ဆိုင်တစ်ဆိုင် အတွင်း၌ တွက်ပြေးလာခဲ့ ကြသော ထိမ်ထိန်းကြီးနှင့် သခင်မလေးတို့ ရောက်ရှိနေ၏။

သူတို့သည် ပြတင်းပေါက်နှင့် ကပ်လျက် ရှိသည့် စားပွဲတစ်လုံး၌ နေရာယူပြီး စားသောက်ဖွယ်ရာတို့ မှာကြားခဲ့ကြခြင်း ဖြစ်သည်။

သို့သော်

နှစ်ယောက်စလုံး စားသောက်ခြင်း မပြုကြပါ။

စားသောက်ဖို့ စိတ်ကိုနှိမ့်နေခြင်း ဖြစ်သည်။

သခင်မလေးသည် ပြတင်းပေါက်မှနေ၍ မြို့အဝင်လမ်းဆီ မျှော်ကြည့်နေသည်။

မြို့ထဲ လူတစ်ဦး ဝင်လာလေတိုင်း သူမ လှုပ်လှုပ်ရှရှဖြစ်လေ ရှိသည်။

သူမ မျှော်လင့်နေသည့် ကျောင်းခုံမရောက်သေးသောအခါ သက်ပြင်း အခါခါ ချမိသည်။

အိမ်ထိန်းကြီး ခေါင်းခါသည်။

'သခင်မလေး၊ ကျုပ်တို့ ခရီးဆက်ရအောင်၊ ကျောင်းခုံလာနိုင်တော့မှာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။



သူမ လှမ်းကြည့်လာ၏။

'ဦးလေး ကျောင်းခုံ မလာနိုင်တော့ဘူးဟုတ်လား၊ နေပါဦး ဘာကြောင့် ဒီလို ပြောနိုင်တာလဲ'

အိမ်ထိန်းကြီးက
'သူလာမယ်ဆိုရင် ရောက်လာပြီပေါ့'
'ဒါက...'

သူမသည် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်ပြီးမှ မပြောဘဲ နေလိုက်သည်။

သူပြောသကဲ့သို့ ကျောင်းခုံ လာမည်ဆိုလျှင် သူတို့ တွေ့ရပြီးသား ဖြစ်မည် မဟုတ်ပါလား။

ကျောင်းခုံအား ယခု မတွေ့ရသည်မှာ...
သူမ ဝမ်းနည်း ကြေကွဲလာလေ၏။
သူက

'သခင်မလေး ကျုပ်တို့ သွားကြစို့.'

ဟု ပြောလာ၏။
သူမက
'ကျွန်မတို့—'

'သခင်မလေး၊ ကျုပ်တို့ အားလုံးဟာ သခင်ကြီးအတွက် အသက်ရှင်နေကြတယ်၊ အသက်စွန့်ကြတယ်၊ ဒါကို သေချာ နားလည်မှ ဖြစ်လိမ့်မယ်'

သူမ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။
သူ့အား စိုက်ကြည့်လိုက်၏။
သူ့က ကြည်တည်သော မျက်နှာထားဖြင့်

'သခင်မလေး၊ ကျုပ်တို့ဟာ ဘယ်လို ရည်ရွယ်ချက်နဲ့ထွက် လာခဲ့သလဲဆိုတာ ပြန်စဉ်းစားကြည့်ပါဦး'

သူမ မျက်နှာလွှဲသွားတော့သည်။

သူက ဆက်ပြော၏၊

'ချူအိမ်က ထွက်လာတဲ့ အချိန်ကစပြီး ခုထိ ကျုပ်တို့လူ တွေ ဘယ်လောက်တောင် အသက် ပေးခဲ့ရပြီးပြီလဲ၊ သူတို့ရဲ့ တန်ဖိုးရှိတဲ့ ဘဝနဲ့ အသက်ကို စတေးခဲ့တာ ဘာ့ကြောင့်—'

သူမမှာ ဆက်နားထောင်နိုင်စွမ်းမရှိအောင် ဖြစ်သွား၏။

'တော့်ပါတော့ အိမ်ထိန်းကြီးရယ်'



ဟု တားမြစ်လိုက်၏။

သူမသည် သခင်ကြီး၏ ဆန္ဒအတိုင်း ချူအိမ်မှ ထွက်လာ ခဲ့သည်။

သူမနှင့်အတူ ယုံကြည်စိတ်ချရသော သစ္စာရှိသည့် လူယုံ တော်များ၊ ကိုယ်ရံတော်များ လိုက်ပါလာခဲ့၏။

သို့သော် အခြေအရ တို့သည် လမ်းတစ်လျှောက်တွင် ရန် သူ၏ တိုက်ခိုက် လုပ်ကြံမှု ခံရ၍ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးခဲ့သည်။

သူတို့သည် သူမ၏ ခရီးလမ်း ပြောင့်ဖြူးစေရန် အသက် သွေးချွေးဖြင့် လမ်းခင်းပေးခဲ့ကြခြင်း ဖြစ်၏။

ယခုဆိုလျှင် အနီး၌ အိမ်ထိန်းကြီး တစ်ယောက်တည်း သာ ကျန်ခဲ့သည်အထိ ဖြစ်၏။

အသက်စွန့် အနစ်နာခံသူတို့၏ ကျေးဇူးကို သိတတ်မည် ဆိုလျှင်....

သူမသည် အိမ်ထိန်းကြီးအား စိုက်ကြည့်၍ မေး၏၊

'ကျွန်မတို့ ထင်ယန်ဂိုဏ်းကို ရောက်ဖို့ အခေါ် လိုသေးသလားဟင်'

အိမ်ထိန်းသည် သူမ၏ အမေးစကား ကြားရလျှင် သူမ စိတ်ပြောင်းလဲ သွားပြီ ဖြစ်ကြောင်း ရိပ်မိ၍ ဝမ်းသာမိ၏။

'မစဝးတော့ပါဘူး သခင်မလေး၊ တစ်နေ့ ခရီးလောက်ပဲ ရှိပါတော့တယ်၊ ခုချိန်အစပြီး ခရီးနှင်မယ် ဆိုရင် မနက်ဖြန် မနက်မိုးလင်းတာနဲ့ ရောက်နိုင်ပါတယ်'

သူမအား
'ကောင်းပြီ၊ ကျွန်မတို့ သွားကြတာပေါ့'
ပြောပြောဆိုဆို ထိုင်ရာမှ ထ၏။

အိမ်ထိန်းလည်း ဆိုင်လုလင်ကိုခေါ်၍ ကျသင့်ငွေပေး၏။

ဘာမှ မစားမသောက်ဘဲ ငွေရှင်းသွားသည့် သူတို့နှစ်ဦးကို ဆိုင်လုလင်သည် တအံ့တဩ ငေးကြည့်ရင်းကျန်ခဲ့၏။

သခင်မလေးသည် ဖြစ်ပျက်ခဲ့သော ဝမ်းနည်းကြေကွဲစရာ ကိစ္စတို့ကို ခဏမေ့ထားသည်။

လိုရာခရီးသို့ ရောက်နိုင်ရန်သာ အားထုတ်ခြင်းဖြစ်၏။



သူတို့သည် ညဘက်၌ပါ အနားမယူဘဲခရီးဆက်သွား၏။

သို့ဖြင့်—

နောက်တစ်နေ့ နံနက် မိုးစင်စင် လင်းသည်နှင့် ထင်ယန်ဂိုဏ်းသို့ သူတို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြသည်။

X X X

နေဝန်းနီမှာ အရှေ့ဘက်မှ ထွက်ပေါ်လာပြီဖြစ်၏။

နွေးထွေးသော နေရောင်နှင့်အတူ ဝန်းကျင် တစ်ခုလုံး သာယာလှပလာ၏။

သခင်မလေးနှင့် အိမ်ထိန်းကြီးတို့ သည်လည်း ခွန်အားများ ပြည့်ဝလာသည်။

မကြာမီ ထင်ယန်ဂိုဏ်းသို့ ရောက်ရှိ သွားကြတော့မည် မဟုတ်ပါလား။

သူတို့သည် ထင်ယန်၏ ပိုင်နက်ဖြစ်သည့် မြေနီလမ်းလေး ပေါ်သို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

ထင်ယန်ဂိုဏ်းတည်ရှိရာ တောင်ကုန်းဆီသို့ သွားသည့်မြေ နီလမ်းမှ လှမ်းကြည့်လျှင် တောင်ကုန်းပေါ်မှ ထင်ယန်ဂိုဏ်း ၏ အဆောက်အဦး မျက်နှာများကို အတိုင်းသား တွေ့မြင်နေရမည် ဖြစ်သည့် သခင်မလေးနှင့် အိမ်ထိန်းကြီးတို့ မျှော်လင့်ချက် အပြည့်အဝဖြင့် ခရီးဆက်နေစဉ်…

'ရပ်လိုက်'

ဟန့်တားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏၊

လမ်းဘေးတစ်ဖက်တစ်ချက်မှ အနီရောင် ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားကြသူတို့ ထွက်ပေါ်လာသည်။

ထိုလူများသည် သခင်မလေးတို့အား လမ်းပိတ်ဟန့်တား ထားလိုက်ကြလေသည်။

အိမ်ထိန်းကြီးနှင့် သခင်မလေးတို့ တစ်ယောက်ကို တစ် ယောက် ကြည့်လိုက်ကြလေသည်။

အိမ်ထိန်းကြီးက ရှေ့သို့ လှမ်းထွက်လိုက်ပြီး လမ်းပိတ်သူ တို့အား လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်လိုက်၏။



'ကျုပ်တို့ဟာ ထင်ယန် ဂိုဏ်းချုပ်ကို တွေ့ဖို့ ခရီးဝေးက လာခဲ့ကြသူတွေ ဖြစ်ပါတယ်၊ ကျေးဇူးပြုပြီး ဂိုဏ်းကိုသွား ခွင့်ပြုပါ'

ဟုလည်း ပြောလိုက်၏။

လမ်းပိတ်ထားကြသူတို့မှာ ထင်ယန်ဂိုဏ်းမှ အစောင့်များ ဖြစ်ကြလေသည်။

မြေနီလမ်းသည် တောင်ကုန်းပေါ်ရှိ ထင်ယန်ဂိုဏ်းသို့ ရောက်သည့်တိုင်အောင် အစောင့်အဖွဲ့ ငါးဖွဲ့ရှိပြီး ထင်ယန် ဂိုဏ်းသို့ရောက်လာသည့် မည်သူမဆို စစ်ဆေးခြင်းခံရမည် ဖြစ်၏။

အိမ်ထိန်းကြီးက အကျိုးအကြောင်း ပြောလိုက်သည်နှင့် အသက်လေးဆယ်ခန့်ရှိ လူတစ်ယောက် ရှေ့သို့ထွက်လာ၏။

ထိုလူမှာ အစောင့်အဖွဲ့ခေါင်းဆောင် ဖြစ်ပုံရ၏။

အိမ်ထိန်းကြီးနှင့် သခင်မလေးတို့အား အကဲခတ် ကြည့် လိုက်ပြီးလျှင်…

'မိတ်ဆွေတို့ ဘယ်သူတွေလဲ၊ ဘယ်လို အကြောင်းကိစ္စနဲ့ လာခဲ့ကြသလဲဆိုတာ ပြောပါ'

ဟု မေးလာသည်။

အိမ်ထိန်းကြီးက

'ကျုပ်တို့မှာ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေပါတယ်၊ ဂိုဏ်းချုပ်ကြီးနဲ့ အမြန်ဆုံးတွေ့ပါရစေ'

သူက တောင်းပန်သော်လည်း အစောင့်ခေါင်းဆောင်က ရုတ်တရက်ခွင့်မပြုချေ။

'ဝမ်းနည်းပါတယ်ဗျာ၊ လာရင်းကိစ္စကိုမသိရရင် ရှေ့ဆက် သွားခွင့်မပြုနိုင်ဘူး'

'သခင်မလေး မကျေမနပ်ဖြစ်လာ၏။

'ကျွန်မတို့ကိစ္စ သိပ်ကိုအရေးကြီးတယ်၊ ဂိုဏ်းချုပ်နဲ့တွေ့မှ ပြောနိုင်မယ်'

ဟု ကြားဝင်ပြောလိုက်သည်။



အစောင့်ခေါင်းဆောင်က လက်မခံပါချေ။

'ဘယ်လိုအကြောင်းကိစ္စကြောင့် လာတယ်ဆိုတာ မသိရဘဲ သွားခွင့်မပြုနိုင်ပါဘူးခင်ဗျာ'

ပြတ်ပြတ်သားသား ငြင်းလိုက်၏။

အိမ်ထိန်းကြီးက

'နေပါဦး၊ ထင်ယန်ဂိုဏ်းကို အများတကာ ဝင်ထွက်နေကြတာပဲ၊ အရင်က ဒီလိုစည်းကမ်းမျိုးမရှိပါဘူး၊ အခုမှ ဘာကြောင့် ဒီလောက်တောင် တင်းကြပ်နေရတာလဲ၊ အကြောင်းတစ်ခုခုများ ရှိနေလို့လား'

ဟု မေးလိုက်လေသည်။

အစောင့်ခေါင်းဆောင် ပြုံးလိုက်၏။

'ခင်ဗျားခန့်မှန်းတာ မဆိုးဘူး၊ ထင်ယန်ဂိုဏ်းမှာ အရေးကြီးတဲ့ ဧည့်သည်တစ်ယောက် ရောက်နေတယ်၊ ဂိုဏ်းချုပ်နဲ့ တွေ့ဆုံနေပါတယ်၊ ဒါကြောင့် ခုချိန်မှာ ဘယ်သူမဆို ထင်ယန်ဂိုဏ်းကိုသွားချင်ရင် အစစ်ဆေးခံရပါလိမ့်မယ်၊ ခိုင်လုံတဲ့

အကြောင်းမရှိရင် ဘယ်သူ့ကိုမှသွားခွင့်မပြုနိုင်ပါဘူး၊ မိတ်ဆွေတို့ဟာ ဂိုဏ်းချုပ်နဲ့တွေ့ချင်တယ်ဆိုရင် လာရင်းကိစ္စကို ပြောပါ’

အိမ်ထိန်းကြီးနှင့် သခင်မလေးတို့ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြလေသည်။

သူတို့သည် ဂိုဏ်းချုပ်နှင့်တွေ့ဆုံရန် အခက်အခဲအမျိုးမျိုး ကျော်ဖြတ်လာရခြင်းဖြစ်သည်။

ထို့ကြောင့် ဂိုဏ်းချုပ်အားမတွေ့ရဘဲ ပြန်မသွားနိုင်ချေ။

ထို့အပြင်

သူတို့၏ လာရင်းကိစ္စကိုလည်း ဂိုဏ်းချုပ်မှလွဲပြီး တခြားမည်သူ့ကိုမှ ပြောမပြနိုင်ပါ။

ထိုကိစ္စသည် လျှို့ဝှက်ထားရမည့် အရေးကြီးသော ကိစ္စတစ်ခု မဟုတ်ပါလား။

အိမ်ထိန်းကြီးနှင့် သခင်မလေးတို့က ဘာမှမပြောဘဲ နေသဖြင့် အစောင့်ခေါင်းဆောင် သံသယဝင်လာ၏။



‘ခင်ဗျားတို့ လာရင်းကိစ္စကိုပြောပါ’

ဟု ထပ်မေးလိုက်၏။

သူ၏လေသံ အနည်းငယ် မာသယောင်ရှိနေပါ၏။

သခင်မလေးက ပြောရန် ဟန်ပြင်လိုက်စဉ်မှာ အိမ်ထိန်းကြီးက ကြားဖြတ်ပြောလိုက်၏။

‘ကျုပ်တို့ ဂိုဏ်းချုပ်ကြီးနဲ့တွေ့ရမှ လာရင်းကိစ္စကို ပြောနိုင်ပါလိမ့်မယ်’

အစောင့်ခေါင်းဆောင်က လက်မခံချေ။

‘ခင်ဗျားတို့ ဘယ်လိုလူတွေလဲ လင်းယုန်ဂိုဏ်းကို တမင်သက်သက် လာပြီးနှောက်ယှက်တာလား၊ အေးအေးဆေးဆေး ပြန်ရင်ကောင်းမယ်’

ဟု မောင်းထုတ်လေ၏။

သခင်မလေး ခံပြင်းသွား၏။

‘ရှင်....ရိုင်းစိုင်းလှချည်လား၊ ကျွန်မတို့ကို မောင်းထုတ်ရဲတယ်ဟုတ်လား၊ ကောင်းပြီ ကျွန်မတို့အကြောင်း ရှင် သိစေရမယ်’

သူမသည် အစောင့်ခေါင်းဆောင်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

'သခင်မလေး'

အိမ်ထိန်းကြီး အပျာအယာ ဟန့်တားလိုက်၏။

တဖန် အစောင့်ခေါင်းဆောင်အား ပြောလိုက်သည်။

'သခင်မလေးကို ရိုရိုသေသေဆက်ဆံသင့်တယ်၊ မင်း စကားပြောတာဆင်ခြင်ပါ'

အစောင့်ခေါင်းဆောင်က

'ခင်ဗျားတို့ ဘယ်သူဘယ်ဝါမှန်းလဲ မသိရဘူး၊ ဘာကိစ္စကြောင့် လာတယ်ဆိုတာလဲမသိရဘူး၊ ကျုပ်တို့က ဘယ်လိုဆက်ဆံရမှာလဲဗျ'

'မင်း'

အိမ်ထိန်းကြီးသည် အစောင့်ခေါင်းဆောင်အား အပြစ်တင်၍မရဘဲ ဖြစ်သွားလေသည်။



သခင်မလေးက

'အိမ်ထိန်းကြီး ဘာမှပြောမနေနဲ့တော့၊ ကျွန်မတို့ ထင်ယန်ခေါင်းဆောင်နဲ့ သွားတွေ့ရအောင်'

ဟု ပြောဆော ရှေ့သို့လှမ်းသွားရန် ဟန်ပြင်လိုက်သည်။

အစောင့်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

သခင်မလေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သခင်မလေး လုံးဝအမှုမထားချေ။

'ကျွန်မဟာ ချူအိမ်တော်က ထွက်လာကတည်းက အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ကြုံတွေ့ခဲ့ရတာပါ၊ အခုမှတော့ ဘာကို စဉ်းစားနေရမှာလဲ'

ဟု ပြတ်သားစွာပြောလိုက်သည်။

အိမ်ထိန်းကြီးလည်း တားမြစ်ခြင်းမပြုတော့ပါ။

သူကိုယ်တိုင်လည်း ရင်ဆိုင်ရန် ဟန်ပြင်လိုက်၏။

မမျှော်လင့်ဘဲ တိုက်ပွဲတစ်ခု ဖြစ်ပွားလာတော့မည်ဖြစ်၏။

ထိုတဒင်္ဂအချိန်လေးမှာပင်

'နေဦး'

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာ၏။

လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာသည်ကို တွေ့ရသေး၏။

Z X Z

လူတစ်ဦးသည် လေဖြတ်လျှင်မြန်ခြင်းမျိုးဖြင့် ရောက်ရှိလာသည်။

ထိုလူမှာ အပြာရောင်အဝတ်အစားများကို အထက်တန်ကျစွာ ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။

ယောကျ်ားပီသစွာ ချောမောခန့်ညားသော ရုပ်ရှိ၏။

ဆဘောမနေသာကောင်းမည့်သူလည်း ဖြစ်ပုံရ၏။



ခါး၌ ဓားတစ်လက်ချိတ်ထားခြင်းကြောင့် သိုင်းသမား ဖြစ်ကြောင်း ထင်ရှားပါသည်။

စကားသံသည်းဆုံး လူငယ်လည်းရောက်လာသဖြင့်

'ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ'

သခင်မလေးစိတ်ထဲမှ ချီးကျူးမိလိုက်သည်။

လူငယ်ရောက်လာသည်ကိုမြင်လျှင် အစေခံများ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'သခင်မလေး ရောက်လာပြီ'

'သခင်လေးကို ဂါရဝပြုပါတယ်'

ဟုလည်း ပြောလိုက်သည်။

'အားလုံး ဂါရဝပြုလိုက်ကြသည်။

သခင်မလေးနှင့် အိမ်ထိန်းကြီးတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်သည်။

အိမ်ထိန်ကြီးသည် သခင်မလေးအနီးသို့ ချဉ်းကပ်ပြီး အသံတိုးတိုးဖြင့် ပြောလိုက်သည်၊

'သခင်မလေး သတိထားပါ၊ သူဟာ ထင်ယန်ဂိုဏ်းချုပ်ရဲ့ သား သခင်လေးထင်ကျိဖြစ်လိမ့်မယ်'

သခင်မလေးက

'ဘယ်သူပဲဖြစ်ဖြစ် ကျွန်မ ဂရုစိုက်ရမှာလား'

ဟု မကျေမနပ်ဖြင့် ပြောလေသည်။

ထိုစဉ်

လူငယ်သည် အစောင့်ခေါင်းဆောင်အား စစ်ဆေးလိုက်သည်။

'ဆရာစေ၊ ဘာဖြစ်နေတာလဲဆိုတာ ပြောပါဦး'

ဆရာစေဆိုသည့် အစောင့်ခေါင်းဆောင်က အကျိုးအကြောင်း ပြောပြသည်။

'သူတို့ဟာ ဘယ်သူဘယ်ဝါဆိုတာကို မပြောကြပါဘူး၊ ဘယ်လိုကိစ္စကြောင့် ဂိုဏ်းချုပ်နဲ့ တွေ့ချင်ကြတယ်ဆိုတာလဲ



မပြောပြဘူး၊ သူတို့ကို တောင်ပေါ်တက်ခွင့်မပြုတော့ ရန်ပြုဖို့တောင် ကြိုးစားကြပါသေးတယ်'

လူငယ်က အိမ်ထိန်းကြီးနှင့် သခင်မလေးဘက်သို့ လှည့်လာလေသည်။

တဖန် လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

'ကျွန်တော်ဟာ ထင်ယန်ဂိုဏ်းချုပ် ထင်ရှုံ့ရဲ့သား ထင်ကျိဖြစ်ပါတယ်၊ ခင်ဗျား ဘယ်လိုအကြောင်း ကိစ္စနဲ့ ရောက်လာကြတယ်၊ ဘာကြောင့် ကျွန်တော့်ရဲ့အဖေနဲ့ တွေ့ချင်ရတယ်ဆိုတာ ပြောပြပါလားခင်ဗျာ'

သူ၏စကားသံမှာ ယဥ်ကျေးသိမ်မွေ့နေပါသည်။

တိုက်ခိုက်ရန် ကြိုးစားခြင်း၊ ခက်ထန် မောက်မာခြင်း၊ ရန်လိုခြင်းစသည်တို့ လုံးဝမရှိတဲ့ ညှို့ဓာတ်ကျေပွန်သော အိမ်ရှင်တစ်ယောက်၏ အသွင်မျိုးရှိသဖြင့် သခင်မလေးက အိမ်ထိန်းကို ကြည့်လိုက်သည်။

ဘယ်လိုလဲ့ဟူသော သဘောမျိုးဖြစ်သည်။

အိမ်ထိန်းကြီးလည်း ကျေနပ်သွားသည့်အသွင်မျိုး ရှိနေပါသနည်း။

'ကျုပ်တို့ဟာ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် ထင်ယန်ဂိုဏ်းချုပ်နဲ့ တွေ့ဖို့ လာကြတာပါ၊ ကျုပ်တို့ ဘယ်သူတွေလဲ ဘာကြောင့် လာတွေ့ရသလဲဆိုတာတော့ ဂိုဏ်းချုပ်ကြီး ထင်ရှုံနဲ့ တွေ့မှပဲ ပြောနိုင်ပါတယ်'

လူငယ်(ဝ၂)ထင်ယန်ဂိုဏ်းမှ သခင်လေးထင်ကျိ

'အဖေနဲ့ တိုက်ရိုက်တွေ့မှ ဖြစ်မယ်ဆိုတော့ ဦးတို့မှာ အရေးကြီးတဲ့ကိစ္စ ရှိတယ်လို့ထင်ပါတယ်၊ ခုချိန်မှာ အဖေဟာ ဧည့်သည်တစ်ယောက်နဲ့ တွေ့ဆုံနေတာမို့ ဘယ်သူကိုမှ လက်ခံတွေ့နိုင်မှာ မဟုတ်သေးပေမယ့် ဦးတို့က စိတ်ရှည်ရှည် ထားမယ်ဆိုရင် အကျိုးရှိပါလိမ့်မယ်၊ ဦးတို့ဆန္ဒ ပြည့်ဝပါလိမ့်မယ်'

ဟုပြော၏။

အိမ်ထိန်းကြီးက

'ကျုပ်တို့က ဘယ်လို စိတ်ရှည်ရမယ်ဆိုတာ ပြောပါဦး'

ထင်ကျိက



'အခုရောက်နေတဲ့ ဧည့်သည်ပြန်သွားပြီဆိုရင် အဖေ အားလပ်သွားမှာဖြစ်ပါတယ်၊ အဲဒီအချိန်ကျရင် ဦးတို့ကို လက်ခံတွေ့ဆုံနိုင်မှာဖြစ်ပါတယ်၊ ဦးတို့ ခဏလောက် မစောင့်နိုင်ကြဘူးလားဗျာ'

အိမ်ထိန်းကြီး ကျေနပ်သွား၏။

'ကျုပ်တို့ မစောင့်နိုင်စရာအကြောင်း မရှိပါဘူး'

ထင်ကျိက

'ဒါဖြင့် ထင်ယန်ဂိုဏ်းရဲ့ ဧည့်နားဆောင်မှာ အနားယူစောင့်ဆိုင်းနေကြဖို့ ကျွန်တော်စီစဉ်ပေးပါမယ်၊ အဖေ အားလပ်သွားတာနဲ့ ဦးတို့ စောင့်ဆိုင်းနေကြတဲ့အကြောင်း တင်ပြပေးပါမယ်'

အိမ်ထိန်းကြီး ကျေနပ်သွားသည်။

'မောင်ရင်လေးကို ကျေးဇူးတင်ပါတယ်ကွယ်၊ ကျုပ်တို့ဟာ ထင်ယန်ဂိုဏ်းကို ဒုက္ခပေးဖို့လာတာ မဟုတ်ပါဘူး၊ အရေးကြီးတဲ့ကိစ္စကြောင့် လာပြီး အကူအညီတောင်းတာပါ၊ မောင်ရင်လေးသာ အချိန်မီရောက်မလာရင် ကျုပ်တို့ဟာ အစောင်အကြပ်တွေကို တိုက်ခိုက်မိတော့မှာပါ၊ ကျုပ်တို့ စိတ်လောကြီးမိတာကို ခွင့်လွှတ်စေချင်တယ်'

ဟု တောင်းပန်လိုက်သည်။

ထင်ကျော်ပြုံးလိုက်သည်။

'ကိစ္စမရှိပါဘူးခင်ဗျာ၊ ထင်ယန်ဂိုဏ်းက အစောင့်အကြပ်တွေ စိတ်လိုက်မာန်ပါ လုပ်တတ်တာကိုလဲခွင့်လွှတ်ပါ၊ သူတို့ကို ကျွန်တော် သတိပေးထားပါမယ်'

ထင်ကျော် ရောက်လာသဖြင့် တိုက်ပွဲဖြစ်ပေါ်လာခြင်း မရှိတော့ဘဲ နှစ်ဦးနှစ်ဖက် ပြေလည်သွားကြသည်။

ထင်ကျော်က အစောင့်ခေါင်းဆောင်ဘက်လှည့်ကာ

'ကျုပ်က အဖေရဲ့အခြေအနေကို သွားကြည့်လိုက်ဦးမယ်'

ဆရာတော ညွှန်ကြားသည်တွေကိုခေါ်သွားပါ၊ လိုလေသေးမရှိ ဧည့်ဝတ်ပြုထားလိုက်ပါ'

ဟု အမိန့်ပေးလိုက်သည်။
ဆရာဝေ ဦးညွှတ်လိုက်သည်။
'ကောင်းပါပြီသခင်လေး'

ထင်ကျော်အား



'ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ

အိမ်ထိန်းကြီးအား ခွင့်ပန်လိုက်သည်။

ထိုနောက် လျင်မြန်ထွက်သွားကာ တစ်ခဏအတွင်းပင် မြင်ကွင်းမှပျောက်သွား၏။

ဆရာဝေက အိမ်ထိန်းကြီးဘက်လှည့်ကာ

'ကြွပါခင်ဗျာ'

ဟု လေးလေးစားစား ဖိတ်ခေါ်လေသည်။

အခြေအနေကား ပြောင်းလဲသွားပြီဖြစ်သည်။

အိမ်ထိန်းကြီးနှင့် သခင်မလေးတို့သည် ဆရာဝေနောက်သို့ လိုက်သွားကြသည်။

x x x

ထင်ယန်ဂိုဏ်း၏ ဧည့်နားနေဆောင်။

ထိုဂိုဏ်းသို့ ရောက်လာသည့်ဧည့်သည်များအတွက် စီစဉ်ထားသည့် နားနေဆောင်သည် သန့်ရှင်းသပ်ရပ်သော အဆောင်ကြီးတစ်ခု ဖြစ်သည်။

ဧည့်သည်ဟူ၍ အိမ်ထိန်းကြီးနှင့် သခင်မလေးကိုသာ ရှိနေကြသဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏။

ဆရာဝေက နေရာထိုင်ခင်း စီစဉ်ပေးသလို စားသောက်ရန် အစားအစာများလည်း ပြင်ဆင်ပေးသည်။

ထိုနောက်

အလိုရှိလျှင် ခိုင်းစေနိုင်ရန် အိမ်ဖော်တစ်ယောက်အား ထားခဲ့ပြီး အိမ်ထိန်းကြီးတို့ လွတ်လွတ်လပ်လပ် အနားယူနေနိုင်ရန်အတွက် ထွက်သွားသည်။

အိမ်ဖော်လည်း အလိုက်သိသိဖြင့် မလှမ်းမကမ်း၌ သွား၍ နေလေသည်။

အိမ်ထိန်းကြီးက ရေနွေးကြမ်းတစ်ခွက်သောက်လိုက်ပြီး–

'ထင်ယန်ဂိုဏ်းရဲ့ သခင်လေး ထင်ကျို အချိန်မီရောက်လာလို့ တော်သေးတာပေါ့–



ဟု ပြောလေသည်။

သခင်မက....

'ထင်ယန်ဂိုဏ်းကလူတွေ အတော် မာနကြီးတာပဲ–

ဟု မကျေမနပ် ရေရွတ်မိလေသည်။

အိမ်ထိန်းကြီး ပြုံးလိုက်သည်။

'အင်း–ကျုပ်လဲ အစကတော့ သူတို့ကို စိတ်ဆိုးမိသေးတာ၊ ဒါပေမယ့် သေသေချာချာစဉ်းစားတဲ့အခါမှာ ဆရာဝေ့ မုန်းတယ်လို့ တွေးမိတာ၊ သူတို့ကို အပြစ်မတင်ချင်ပါဘူး'

ထိုစကားကြားလျှင် သခင်မ အံ့ဩသွားမိလေသည်။

'အိမ်ထိန်းကြီး ဘယ်လိုပြောလိုက်တာလည်း–

ဟုလည်းချက်ချင်းမေးလေသည်။

အိမ်ထိန်းကြီးသည် တည်ကြည်သောမျက်နှာဖြင့်–

'ကျုပ်တို့ ချူစံအိမ်တော်မှာဆိုရင်လည်း အထူးဧည့်သည်တော်တစ်ဦးရောက်နေချိန်မှာ ဘယ်သူဘယ်ဝါမှန်း ဘယ်လို

ကိစ္စမှန်းမသိတဲ့လူကို ဝင်ခွင့်ပေးနိုင်မှာမဟုတ်ဘူး၊ ဆရာဝေဟာ သူ့ရဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်'

'သူ့ကို စိတ်ဆိုးဖို့မလိုတဲ့အပြင် ကျုပ်တို့ အလေးထားတကြီး တိုက်ဖို့လုပ်မိတာ ရှက်စရာကောင်းနေပြီလို့တွေးမိတာပါ....

သခင်မက မကျေမနပ်ဖြင့်....

'ကျွန်မတို့ဟာ သေရေးရှင်ရေးအရေးကြီးတဲ့ကိစ္စကြောင့် ဒီကိုလာကြတာ၊ ဘယ်လို အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတယ်ဆိုတာ အိမ်ထိန်းကြီး အသိဆုံးပါ..

ကု ဝေဒကတက်လေသည်။

အိမ်ထိန်းကြီးက

'ကျုပ်တို့ဘက်ကကြည့်ရင် ကျုပ်တို့လုပ်ရပ် မှန်တယ်၊ သူတို့ဘက်ကကြည့်ရင်လည်း သူတို့လုပ်ရပ် မှန်နေတယ် အဲ— နှစ်ဖက်မျှပြီးတွေးကြည့်ရင်တော့ ကျုပ်တို့ရဲ့ လုပ်ရပ် မှားနေတာ တွေ့ရပါလိမ့်မယ်—

'သခင်မ၊ ကျုပ်တို့ကိစ္စက အရေးကြီးတယ်လို့ ကျုပ်တို့ ယူဆသလို သူတို့ကိစ္စက အရေးကြီးတယ်လို့ သူတို့ကလည်း



ယူဆကြမှာပါ၊ လူတိုင်းဟာ ကိုယ့်ကိစ္စက ပိုပြီး အရေးကြီးတယ်လို့ ထင်မှတ်ထားကြတာပါ....

အကျိုးသင့်အကြောင်းသင့် ရှင်းပြသဖြင့် သခင်မ ဘာမှမပြောတော့ဘဲ စိတ်လျှော့လိုက်လေသည်။

အိမ်ထိန်းကြီးက ဆက်ပြောလေသည်။

'ဂိုဏ်းချုပ်ကြီးထင်ရုံကိုယ်တိုင် လက်ခံတွေ့ဆုံပြီး တခြားဧည့်သည်ကို လက်မခံနိုင်ပုံထောက်ရင် ကျုပ်တို့ထက် စောပြီး ထင်ယန်ဂိုဏ်းကို ရောက်လာတဲ့ဧည့်သည်ဟာ အတော်အရေးကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်....

'ကျုပ်တို့ သည်းခံပြီးစောင့်ရလို့လည်း အကျိုးမယုတ်ပါဘူး၊ ဂိုဏ်းချုပ်ကြီးနဲ့တွေ့ရမှ ကျုပ်တို့ရဲ့ရည်ရွယ်ချက် ပြည့်ဝအောင်မြင်နိုင်မယ်မဟုတ်လား....

သခင်မက ခေါင်းညိတ်လိုက်လေသည်။

ထိုနောက်

သူတို့သည် ထင်ယန် ဂိုဏ်းချုပ်နှင့် တွေ့ရမည့် အချိန်ကို စောင့်နေလိုက်ကြလေတော့သည်။

• • •

အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။

ညသည်နားနေဆောင်အတွင်း၌၎င်း၊ အပြင်ဘက်၌၎င်း တိတ်ဆိတ်ငြိမ်သက်၍နေလေသည်။

အိမ်ထိန်းကြီးနှင့် သခင်မတို့သည် ဂိုဏ်းချုပ် ထင်ရှုံနှင့် တွေ့ရမည့်အချိန်ကို စောင့်နေလေသည်။

သို့သော်

အတန်ကြာသည့်တိုင် ထူးခြားမှုမရှိ၍ သခင်မဂဏာမငြိမ် ဖြစ်လာလေသည်။

'ကြာလိုက်တာ၊ သူတို့က ဘာတွေတိုင်ပင်ဆွေးနွေးနေကြလို့လည်း'



ဟု စိတ်ထဲမှရေရွတ်လိုက်လေသည်။

မလှမ်းမကမ်း၌ရှိနေသည့် အိမ်ဖော် လုလင်ကို လှမ်းခေါ်လိုက်၏။

'သည်ကို ခဏလာပါဦးရှင်....

အိမ်ဖော် လုလင်သည် နိုးနိုးကြားကြား ရှိနေပါသည်။

'လာပါပြီခင်ဗျာ....

စကားဆုံးလျှင် အနီးသို့ရောက်ရှိလာလေသည်။

အိမ်ထိန်းသည် သခင်မဘာလုပ်မည်နည်းဟု စောင့်ကြည့်နေလေ၏။

အိမ်ဖော်လုလင်သည် ဦးညွှတ်အရိုအသေပြုကာ....

'ဘာများအလိုရှိလို့ဆိုတာ အမိန့်ရှိပါခင်ဗျာ—

ဟုမေး၏။

သခင်မက

'ရှင့်ကို မေးစရာရှိလို့ရှင်....

ဟုတ်ကဲ့၊ မေးပါခင်ဗျာ...

'ရှင်တို့ဆီ ကျွန်မတို့အရင် စောပြီးလာတာဘာယ်သူလဲရှင့်'

လှလင် ခေါင်းခါလိုက်သည်။

'ကျွန်တော် မသိပါဘူးခင်ဗျာ....

'ရှင်မသိဘူး....

'ဟုတ်ပါတယ်၊ ကျွန်တော်တို့အိမ်ဖော်တွေဟာ ခိုင်းတာ လုပ်ရပါတယ်၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ မစပ်စုရပါဘူးခင်ဗျာ....

လှလင်သည် ရိုးရိုးသားသားပြောလေသည်။

သခင်မ မချင့်မရဲဖြစ်သွားသည်။

ဆက်၍မေးလျှင်လည်း အကြောင်းထူးမည် မဟုတ်ဟု သဘောပေါက်သဖြင့်....

'ရှင်မဆိုးဘူး၊ ကဲ...ကဲ...ကျွန်မတို့အတွက် ရေနွေးကြမ်း သွားယူပေးစမ်းပါ..



ဟုပထုတ်လိုက်လေသည်။

လှလင်လည်း ဦးညွှတ်၍ ချက်ချင်း ထွက်သွားလေသည်။

လှရှင်းမှ သခင်မက အိမ်ထိန်းကြီးအား ပြောလေသည်၊

'ကျွန်မတို့ ဘယ်လောက်ကြာကြာစောင့်ရဦးမှာလည်း...

အိမ်ထိန်းက....

'သည်းခံပါသခင်မ၊ နေ့ကူးအောင်စောင့်ရမှာ မဟုတ်ပါဘူးသခင်မ'

'ကျွန်မ စိတ်မရှည်တော့ဘူးရှင်....

'သခင်မ အလောတကြီးလုပ်လို့အကျိုးရှိမှာမှမဟုတ်တာ ကျုပ်တို့ကို ကူညီနိုင်တာ ထင်ယန်ဂိုဏ်းချုပ် တစ်ဦးတည်းပဲ ရှိတယ်လို့ သခင်ကြီးက ပြောခဲ့တာပဲမဟုတ်လား...

သခင်မက

'ထင်ယန်ဂိုဏ်းချုပ်ကိုမတွေ့ရဖို့တောင် သည်လောက်ခက်နေရင် သူ့ဆီကအကူအညီရဖို့ဆိုတာ လွယ်ပါ့မလား၊ သူက ဈေးအားတက်သရောကူညီပါ့မလား....

အိမ်ထိန်းက ဖျောင်းဖျလေသည်။

'သခင်ကြီးက အကြောင်းမရှိဘဲတော့လွှတ်မှာမဟုတ်ဘူး၊ ထင်ယန်ဂိုဏ်းချုပ်နဲ့တွေ့ပြီးမှ အခြေအနေသိမှာမဟုတ်လား'

သခင်မက

'ကျွန်မတော့ သူများ အားကိုးရမှာထက် ကိုယ့်အား ကိုယ်ကိုးပြီးဖြေရှင်းချင်တော့တာပဲ—

ဟု ညည်းတွားလေသည်။

ထိုအချိန်မှာပင်—

ဆရာဝေ ခပ်မြန်မြန် လှမ်းလာနေသည်ကို မြင်လိုက်ရ၏။

Z Z Z

သခင်မနှင့် အိမ်ထိန်းကြီးတို့ စိတ်လှုပ်ရှားသွားကြသည်။ ဆရာဝေရောက်လာခြင်းမှာ အကြောင်းရှိမည် မဟုတ်ပါလား။



ထင်ယန်ဂိုဏ်းချုပ်နှင့်တွေ့ရန် သူတို့အား လာခေါ်ခြင်း ဖြစ်သည်ဟု ယုံကြည်ထားသည်။

ဆရာဝေသည် သခင်မအား ဦးညွတ်၍—

'ဒုဂိုဏ်းချုပ်က ခေါ်ခိုင်းလိုက်ပါတယ်၊ ကျေးဇူးပြုပြီး ကျုပ်နောက်လိုက်ခဲ့ပါ....

ဟု ဖိတ်ခေါ်လာသည်။

သခင်မ စိတ်ပျက်သွားသည်။

သူမသည်ထင်ယန်ဂိုဏ်းချုပ်ထင်ရှုံနှင့် တွေ့လိုခြင်းဖြစ်၏။

ဆရာဝေက ဒုဂိုဏ်းချုပ်နှင့်တွေ့ဖို့လာခေါ်နေလေသည်။

သခင်မက လှမ်းကြည့်သောအခါ အိမ်ထိန်းက....

'ကျုပ်တို့ လိုက်သွားကြပါစို့....

ဟု ပြော၍ ထိုင်ရာမှထလိုက်လေသည်။

သခင်မလည်း မတတ်သာဘဲ အိမ်ထိန်းနှင့်အတူ ဆရာဝေ နောက်သို့ လိုက်သွားရသည်။

ဆရာဝေသည် သူတို့အား သီးသန့်အဆောင်တစ်ခုသို့ခေါ် ဆောင်သွားလေသည်။

အဆောင်ထဲ၌ ထင်ယန်ဂိုဏ်းသားတို့သည် လက်နက်ကိုယ်စီ ကိုင်ဆောင်၍ စောင့်ကြပ်နေကြပြီး ငွေရောင် ဝတ်ထားသော ခပ်ဝဝ လူကြီးတစ်ဦးလည်း ရှိနေသည်ကို တွေ့ရ၏။

ထိုငွေရောင်ဝတ်ခပ်ဝဝလူကြီးမှာ ထင်ယန်ဂိုဏ်း၏ဒုဂိုဏ်းချုပ် ဖုန်လူပြဖြစ်သည်။

ဆရာဝေသည် ဒုဂိုဏ်းချုပ် ဖုန်လူအား ဦးညွှတ်ဂါရဝပြုလိုက်၏။

'ဂိုဏ်းချုပ်ကြီးကို တွေ့ခွင့်တောင်းနေတဲ့ညီ့သည်တွေကို ခေါ်လာခဲ့ပါပြီ ဒုဂိုဏ်းချုပ်ခင်ဗျာ....

လေးလေးစားစား ပြောလိုက်သည်။

ဒုဂိုဏ်းချုပ်ဖုန်လူက အိမ်ထိန်းကြီးနှင့် သခင်မတို့အား အကဲခတ်ကြည့်လိုက်သည်။

တစ်ဖန် တည်ကြည်သည့်မျက်နှာဖြင့်....

'ဧည့်သည်တွေဟာ ဂိုဏ်းချုပ်ကြီးကိုတွေ့ချင်နေတယ်လို့ သိရပါတယ်၊ ဂိုဏ်းချုပ်ကြီး မအားမလပ် ဖြစ်နေတာမို့



ကျုပ်ကိုပဲ အကျိုးအကြောင်း ဖွင့်ပြနိုင်ပါတယ်၊ ကဲ.... ဘယ်သို့အကြောင်းကိစ္စနဲ့ ထင်ယန်ဂိုဏ်းကို ရောက်လာတယ် ဆိုတာပြောပါ....

ဟု ပြောလာလေသည်။

ဒုဂိုဏ်းချုပ်ဖုန်လူသည် မိမိတို့ကို မတတ်သာ၍သာလျှင် လက်ခံတွေ့ဆုံရခြင်းဖြစ်ကြောင်း သခင်မ ရိပ်မိလိုက်လေ၏။

သူမ၏ရင်ထဲ ခံပြင်းစိတ်တို့ဖြစ်ပေါ်လာရလေသည်။

အိမ်ထိန်းကလည်း ပြတ်ပြတ်သားသားပင် ပြောလိုက်၏။

'ကျုပ်တို့လာရင်းကိစ္စကို ဂိုဏ်းချုပ်နဲ့တွေ့မှ ပြောပြနိုင်ပါလိမ့်မယ်၊ ဂိုဏ်းချုပ်နဲ့သာ တွေ့ခွင့်ပြုပါခင်ဗျာ...

'ဒုဂိုဏ်းချုပ်က....

'ဂိုဏ်းချုပ်နဲ့တွေ့ချင်တယ် ဟုတ်လား...

ဟုတ်ပါတယ်...

'အင်း....အိမ်မှူးငင်တွေဟာ ဧည့်ဝတ်ကျေပွန်တော့လည်း ဧည့်သည်တွေက မသိတတ်ကြပါလား၊ ကျုပ်တို့ ထင်ယန်

ဂိုဏ်းဟာ အတော့်ကို စိတ်ထားကောင်းလို့ပေါ်သေးတာ ပေါ့'

ဖုန်လူ၏မျက်နှာထား တင်းမာသွားပါတော့သည်။

အိမ်ထိန်းက....

'ကျုပ်တို့မှာ အတော် အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ၊ ဂိုဏ်းချုပ်နဲ့တွေ့မှပြောလို့ဖြစ်မှာမို့ တောင်းပန်ပါတယ်ဗျာ'

ဟုပြော၏။

သခင်မမှာမူ ခံပြင်းဒေါသထွက်လာပြီဖြစ်ရာ–

'ထင်ယန်ဂိုဏ်းက ကြီးကျယ်လိုက်တာ၊ အိမ်ထိန်းကြီး ဘာမှပြောမနေနဲ့တော့၊ ပြောနေလို့လဲအပိုပဲ ကျွန်မတို့ သွားကြပါစို့'

ဟုပြော၏။

အိမ်ထိန်းကြီးက လူကြီးပီပီ စိတ်ပျက်နေသည့်တိုင် စိတ်ထိန်းထားနိုင်ခဲ့၏။



ဂိုဏ်းချုပ် ထင်ရှုံနှင့် တွေ့ရဖို့ကိုသာ တောင်းဆိုနေ၏။

လူဖုံ့နှံသည် သခင်မ၏စကားကြောင့်မျက်နှာထားပို၍တင်းသွား၏။

'မိန်းကလေး ထင်ယန်ဂိုဏ်းကိုမစော်ကားပါနဲ့၊ ကျုပ်တို့ဟာ သည်းခံမှာမဟုတ်ဘူး....

ဟုပြော၏။

သခင်မက

'ကျွန်မကရော ကြောက်နေရမှာလား၊ မိုင်ပေါင်းတစ်ရာကျော်ခရီး အကွာအဝေးက လာခဲ့ရပြီး ထင်ယန်ဂိုဏ်းကိုရောက်တော့မှ ဝတ်ကျေတန်းကျေဆက်ဆံခံရတာအတော်ကို ခံပြင်းဖို့ကောင်းတာပဲ၊ အိမ်ထိန်းကြီး ကျွန်မတို့ သွားကြပါစို့'

စကားဆုံးလျှင် ထွက်သွားရန် ဟန်ပြင်လိုက်၏။

အိမ်ထိန်းကြီးက....

'သခင်မ နေပါဦး—

ကဗျာကဆရာ တားမြစ်လိုက်၏။

ဖုန်လူ၏မျက်နှာကြီး နီမြန်းသွားပါသည်။

'မိန်းကလေး မင်း ခေါ်ကားနေတာများနေပြီ၊ ကျုပ်အားသည်းခံနိုင်တော့မှာမဟုတ်ဘူး—

သခင်မမှာ လူငယ်မီပီဒေါသမထိန်းနိုင်သဖြင့်အခြေအနေ အချိန်အခါ မတွက်ဆဘဲ ဒါးထောက်၍ ပြန်လည်ရန်တွေ့၏။

'မှင်တို့ကရော ကျွန်မတို့ကို အထင်သေးနေတာ ဘာပြောဦးမလဲ'

'မင်း'

ဖုန်လူက ချက်ချင်း ရှေ့သို့ လှမ်းထွက်လာသည်။

အိမ်ထိန်းသည် သခင်မရှေ့မှ ကဗျာဆရာအစား အကွယ်ပေးထားလိုက်ပြီး..

'ကျုပ်တို့ ချူမိသားစုစံအိမ်ဟာ ထင်ယန်ဂိုဏ်းရဲ့ မိတ်ဆွေဖြစ်တယ်ဆိုတာ သတိထားပါဦး....



ဟုပြော၏။

ဖုန်လူ ချက်ချင်း ခြေလှမ်းရပ်သွားသည်။

သခင်မနှင့်အိမ်ထိန်းကြီးကို မျက်လုံးမှေးကြည့်ပြီးလျှင်-

'ဘာဗျ....ချူစံအိမ်က ဟုတ်လား....

ဟုမေး၏။

အိမ်ထိန်းကြီးက—

'ဟုတ်တယ်၊ ကျုပ်တို့ဟာ ချူသခင်ကြီးရဲ့ အမိန့်ကြောင့် ထင်ယန်ဂိုဏ်းကို လာခဲ့တာဘဲ—

ဖုန်လူ အံ့သြသွား၏။

သူ၏အသံသည် စောစောကနှင့်မတူဘဲ ပြောင်းလဲသွားပြီဖြစ်၏။

'လက်စသတ်တော့ ချူစံအိမ်ကလာတာကိုး၊ ခင်ဗျား တို့ဟာ ဘယ်သူ ဘယ်ဝါ ဖြစ်တယ်ဆိုတာ ပြောပါဦးဗျာ....

အိမ်ထိန်းကြီးက....

'ကျုပ်က ချူစံအိမ်ရဲ့ အိမ်ထိန်းကြီး ထိစင်ပါ၊ သူက တော့ သခင်မလေး ချူမူဖြစ်ပါတယ်....

သူတို့သည် မည်သူမည်ဝါများဖြစ်သည်ကို အမှန်အတိုင်း ထုတ်ဖော်ပြောပြလိုက်သည်။

သခင်မချူမူက ဝင်ပြောလိုက်၏။

'ကျွန်မဖေဖေက ထင်ယန်ဂိုဏ်းချုပ်နဲ့တွေ့ဖို့ လွှတ်လိုက် တာပါ၊ တွေ့ခွင့်ရမယ်မရဘူးဆိုတာပြောပါ....

သူ၏အသံကားမာသော်လည်း ဖုန်လူစိတ်ဆိုးခြင်းမရှိပါပေ၊

သူ၏မျက်နှာတွင် လေးစားသည့် အရိပ်အရောင်တို့ ဖြစ် နေ၏။

ဆရာဝေသည်၎င်း၊ အစောင့်အကြပ်တို့သည်၎င်း၊ ချက် ချင်း ဦးညွှတ်လိုက်ကြသည်။

အိမ်ထိန်းကြီးက သက်ပြင်းချလိုက်သည်။

သခင်မလည်း ယခုမှ ဘဝင်ကျသွားလေတော့သည်။



ဖုန်လူက

'အိမ်ထိန်းကြီးနဲ့ သခင်မတို့ ကျေးဇူးပြု၍ခဏစောင့်ပါ၊ ကျုပ်က ဂိုဏ်းချုပ်နဲ့တွေ့နိုင်ဖို့ စီစဉ်လိုက်ပါမယ်..

ဟုပြော၍ ဆရာဝေဘက်သို့လှည့်ကာ–

'ဆရာဝေ၊ သခင်မတို့ကို လိုလေသေးမရှိဧည့်ခံလိုက်ပါ....

ဟု အမိန့်ပေးလိုက်သည်။

ဆရာဝေက

'အမိန့်အတိုင်းပါ ဒုဂိုဏ်းချုပ်ခင်ဗျာ....

ဖုန်လူသည်ခန်းမဆောင်အတွင်းမှအမြန်ဆုံးထွက်သွား၏၊

Z Z Z

ဖုန်လူ ထွက်သွားပြီဖြစ်လေသည်။

ဆရာဝေသည် အခင်မကို နေရာထိုင်ခင်းပေးလေသည်။

'အခင်မ၊ သက်တောင့်သက်သာနားပြီး စောင့်ပါလား၊ ဒုဂ္ဂိုဏ်းချုပ်က ချက်ချင်း ပြန်လာမှာပါ....

ချူမူက ပြုံးလိုက်သည်။

ဆရာဝေသည် သူမအပေါ် ဆက်ဆံရေးအပြောင်းအလဲကြီး ပြောင်းလဲသွားပြီ မဟုတ်ပါလား။



အချိန်မရွေး တိုက်ခိုက်ဖို့ ပြင်ဆင်ထားကြသည့် အစောင့်အကြပ်တို့သည်လည်း ရိုကျိုးသည့်အသွင် ဖြစ်နေကြသည်။

အခြေအနေအရပ်ရပ်သည် အပြောင်းအလဲကြီး ပြောင်းလဲခဲ့ပြီမဟုတ်ပါလား။

ချူမူ ကျေနပ်သွားလေသည်။

'ချူမိသားစု စံအိမ်ဆိုတဲ့ နာမည် ကြားရုံနဲ့ အားလုံး အပိုးကျိုးသွားတာဘဲ....

ဟု ထီးတိုးရေရွတ်လိုက်မိသည်။

အိမ်ထိန်းကြီးက....

သခင်မ၊ထူးခြားတာတစ်ခုခုရှိနေပါတယ် သတိထားပါ.

ဟု တိုးတိုးသတိပေးလာလေသည်။

ချူမူက

'ကျွန်မတို့ဟာ ချူစံအိမ်ကဆိုတာသိတာနဲ့ မလေးမစား မလုပ်ရဲတော့ဘူးလေ....

ဟု ပြောလိုက်သည်။

အိမ်ထိန်းက
'ဒီလိုမဟုတ်သေးဘူး သခင်မလေး'
ချူမှုက

'ဘာကြောင့် မဟုတ်ရမှာလဲ၊ ကျွန်မတို့ကို အထင် သေး နေတဲ့ ဒုဂိုဏ်းချုပ် ဖုန်လူတောင်မှ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ရအောင် သွားစီစဉ်နေပြီ မဟုတ်လား'

အိမ်ထိန်းက

'အဲဒါကိုက မဟုတ်သေးဘူးလို့ ကျုပ်ထင်မိတယ်'

သူမ မျက်မှောင်ကုတ်မိ၏။
'ဘာကို ဆိုလိုတာလဲ'
အိမ်ထိန်း၊ တည်ကြည်သောမျက်နှာဖြင့်

'သခင်မလေး မြေနီလမ်းမှာ ကျုပ်တို့ ဘယ်သူ ဘယ်ဝါ ဆိုတာ မသိလို့ ဆရာတို့က ဟန့်တားခဲ့တာ သဘာဝ ကျပါ တယ်၊ ခုတော့ ဒုဂိုဏ်းချုပ်က သိသွားပါပြီ၊ ကျုပ်တို့ကိုလေး စားတယ်ဆိုရင် ဂိုဏ်းချုပ်ဆီကို ခေါ်သွားရမှာပေါ့'



သူမ တွေဝေသွား၏။

အနည်းငယ် စဉ်းစားပြီး...

'ဂိုဏ်းချုပ်က ညွှီသည်နဲ့ တွေနေလို့ မအားမလပ်သေး တာကြောင့် ဖြစ်မှာပေါ့'

ဟု ပြော၏။
အိမ်ထိန်းက

'ဒီလိုဆိုရင်တော့ ကောင်းပါတယ်၊ ဒီလိုမဟုတ်ရင်တော့'

သူက ဆရာဝေကို လှမ်းခေါ်၏၊
ဆရာဝေ ရောက်လာ၏၊
အိမ်ထိန်းက

'ဂိုဏ်းချုပ်ကို ကျုပ်တို့ထက် အလျင်စောပြီးလာတွေ့တဲ့ ညွှီသည် ပြန်သွားပြီလား'

ဟု မေးလိုက်၏၊
ဆရာဝေက
'ဟုတ်ကဲ့ပြန်သွားပါပြီ'

'အစောင် ကြာပြီလား'

'မကြာသေးပါဘူး၊ မိတ်ဆွေတို့ ဒုဂိုဏ်းချုပ်နဲ့ စကား ပြောနေတဲ့ အချိန်မှာပဲ ပြန်သွားတာပါ'

အိမ်ထိန်း သက်ပြင်းချ၏။
ချူမှုက ပြုံး၍
'ကဲ ကျွန်မမပြောဘူးလား'

ဟု ပြောသည်။

ထိုအချိန်မှာပင် ဒုဂိုဏ်းချုပ် ဖုန်လူ ပြန်လည် ရောက်ရှိ လာသည်ကို တွေ့မြင်ရ၏။

X X X

ဒုဂိုဏ်းချုပ် ဖုန်လူ ပြန်ရောက်ရှိလာ၏။

သူ၏ အမူအရာသည် တစ်စုံတစ်ခုသော အကြောင်းကိစ္စ ကြောင့် မလုံမလဲ ဖြစ်နေသည်ဟု အိမ်ထိန်း တွေးမိသည်၊

တစ်ခုခုမှားယွင်းနေပြီဟူသည့် သံသယစိတ်က ပိုကြီးထွား လာသည်။



ဒုဂိုဏ်းချုပ်ကိုမြင်လျှင် သခင်မလေး ချူမှုဝမ်းသာမိ၏၊

ထိုင်ရာမှထ၍....

'ကျွန်မတို့ ဂိုဏ်းချုပ်နဲ့ တွေ့ခွင့်ရပြီလားရှင်'

ဟု မေး၏။

ဖုန်လူက

'ဂိုဏ်းချုပ်ဟာ သခင်မလေးတို့ကို တွေ့နိုင်ဦးမှာ မဟုတ် ဘူး'

ဟု ပြောလာ၏၊
'ဟင်'
သူမ အံ့သြမိ၏။

ကြားရသည့် စကားကို မယုံနိုင်အောင် ဖြစ်မိသည်။

ဖုန်လူကို စိုက်ကြည့်ပြီး
'ဂိုဏ်းချုပ်က ကျွန်မတို့နဲ့ မတွေ့နိုင်သေးဘူး ဟုတ်လား'

ဖုန်လူက
'ဟုတ်ပါတယ်'
'ဘာဖြစ်လို့လဲ'

'ဂုဏ်းချုပ်မှာ တခြားကိစ္စတွေ ရှိသေးလို့ပါ'

ချူ မကျေမနပ်ဖြစ်သွား၏။

'ဪ....ကျွန်မတို့ဟာ သူ့ရဲ့ တခြားကိစ္စလေးလောက်တောင် တန်ဖိုးမထားတော့ဘူးဟုတ်လား'

အိမ်ထိန်းကြီးက

'သခင်မလေး ကျုပ်ကို သွားကြပါစို့လျှာ'

အခြေအနေမဟန်မှန်းသိ၍ ထိန်းသိမ်းသည့်သဘောဖြင့် ပြောခြင်းဖြစ်သည်။

ချူက

'စိတ်ချ၊ ကျေးဇူးကန်းတဲ့ ထင်ယန်ဂိုဏ်းမှာ ကျွန်မ တစ်စက္ကလေးတောင် မနေချင်ပါဘူး'

သူမသည် ဒုဂိုဏ်းချုပ်ဖုန်လူအား စိုက်ကြည့်လိုက်ပြီး...

'ရှင်တို့ဂိုဏ်းကို ပြောပြလိုက်ပါ၊ လူမှန်ရင် ကျေးဇူးသိတတ်ကြတယ်၊ ကျေးဇူးကန်းတဲ့လူဟာ တိရစ္ဆာန်ထက်



ဆိုတယ်၊ ရှင်တို့ဂိုဏ်းကို ကျွန်မ ဘယ်တော့မှမကျေဘူး၊ တစ်နေ့ ဆုံးမပြမယ်ဆိုတာ မှတ်ထားပါ'

စကားဆုံးလျှင် ခြေသံပြင်းပြင်းနင်းကာ ထွက်သွား၏။

အိမ်ထိန်းကြီးကလည်း ပြေးလိုက်သွား၏။

ထိုစဉ်

'ရှင်လိုက်'

ဆရာဝေက ဟန့်တားလိုက်သည်။

ချူက ထင်ယန်ဂိုဏ်းအား စော်ကားမော်ကြား ပြောသည်ဟု မကျေမနပ်ဖြစ်သွားသည်။

ချူက

'ရှင် သေချင်ပြီထင်တယ်'

ဟု ဝေါက်လိုက်သည်။

ဒုဂိုဏ်းချုပ်က

'ဆရာဝေ နောက်ဆုတ်လိုက်စမ်း'

ဟု အမိန့်ပေးလိုက်သည်။

ဆရာဝေက ချက်ချင်းနောက်ဆုတ် လိုက်သည်။

ဖုန်လူက

'ဘယ်သူမှ အဟန့်အတားမလုပ်ဘဲ သူတို့သွားကြပါစေ'

ဟု အမိန့်ပေးလိုက်၏။

ဖုန်လူ၏အမိန့်သည် ဒုဂုိဏ်းချုပ်၏အမိန့်ကဲ့သို့ပင် ဂိုဏ်းသားအားလုံးက နာခံကြသည်။

မည်သူမျှ ဟန့်တားခြင်းမပြုကြချေ။

သခင်မလေးချူနှင့် အိမ်ထိန်းကြီးတို့သည် ထင်ယန်ဂိုဏ်းမှ ထွက်သွားကြလေသည်။

X X X

ထင်ယန်ဂိုဏ်းသည် အနောက်ဘက်တွင် ကျန်ခဲ့ပြီဖြစ်၏။

ချူနှင့် အိမ်ထိန်းကြီးတို့သည် ထင်ယန်ဂိုဏ်းအား ကျောခိုင်းကာ ထွက်လာကြပြီဖြစ်သည်။



ချူ ဒေါသထွက်နေသည်။

သူမ၏ခြေလှမ်းများ သွက်လက်လွန်းသဖြင့် အိမ်ထိန်းကြီးပင် မနည်းလိုက်သွားရသည်။

သို့ဖြင့်

အတော်ဝေးဝေးသို့ ရောက်ရှိလာကြပြီး လမ်းဘေး၌ အနားယူရန် စေတနာရှင်များ ဆောက်ထားသော ဇရပ်တစ်ဆောင်ကို တွေ့ရသောအခါ ချူက ခေတ္တအနားယူလိုက်သည်။

သူမ အနားမယူချင်လည်းမဖြစ်ပါ။

'သခင်မလေး ဘယ်ကိုသွားမလို့လဲ'

အိမ်ထိန်းကြီးကမေးလိုက်သည်။

သူမငိုင်နေသည်။

သူမသည် ဒေါသဖြစ်နေရာမှ စမ်းနည်းကြေကွဲလာသည်။

သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များဝဲလာသည်။

အိမ်ထိန်းကြီး စိတ်မကောင်းဖြစ်သွားသည်။

'သခင်မလေး အာမှုဝမ်းနည်းမနေပါနဲ့၊ မတော်တဆ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ သခင်ကြီးက ကျုပ်ကို ကြိုတင် ပြောပြခဲ့ပါတယ်'

'ဟင်'

ချူ လှုပ်လှုပ်ရှားရှားဖြစ်သွား၏၊

အိမ်ထိန်းကြီးအား မယုံနိုင်စွာကြည့်ပြီး—

'ဖေဖေက ဒီလိုပဲပြောခဲ့တယ် ဟုတ်လား'

ဟု မေးလိုက်သည်။

ထိုလူက
'ဟုတ်ပါတယ်သခင်မလေး'
ချူက

'ကျွန်မတောင် မသိလိုက်ရပါလား'

ထိုလူက



'သခင်မလေး စိတ်မကောင်းဖြစ်မှာစိုးလို့ ကမင် အသိမပေးဘဲ ကျုပ်ကို တိုးတိုးတိတ်တိတ် မှာလိုက်တာ'

ချူက

'ဖေဖေမပြောရင်လဲ ဦးက ကျွန်မကိုပြောသင့်တာပေါ့'

ဟု အပြစ်တင်လိုက်သည်၊

ထိုလူက

'သခင်ကြီးက မပြောရဘူးလို့ မှာထားလို့ပါ'

'ဖေဖေမှာသားလဲ ကျွန်မကို ပြောသင့်တာပေါ့'

ထိုလူက

'အခုပြောပြနေပြီပဲ သခင်မလေးရယ်'

ချူက မကျေမနပ်ဖြင့်

'ခုမှပြောပြလို့ ဘာအကြောင်းထူးတော့မှာလဲ'

ထိုလူက ဆက်တာပြလိုက်သည်၊

'ထူးပါတယ်သခင်မလေး၊ ထင်ယန်ဂူကျိုးအသာ အကူ အညီမပေးဘူးဆိုရင် လူတစ်ယောက်ကိုသွားရှာဖို့ သခင်ကြီး က ကျုပ်ကိုမှာလိုက်ပါတယ်'

ချူ မျက်မှောင်ကုပ်သွားပြီး

'ကျွန်မတို့က ဘယ်သူ့ကိုရှာရမှာလဲ'

ဟု မေးလိုက်သည်။

ထိုလူက

'ကဗျာဆရာကို ရှာဖွေပြီး အကူအညီတောင်းရမယ်လို့ မှာခဲ့ပါတယ် သခင်မလေး'

'ကဗျာဆရာ'

'ဟုတ်ပါတယ်'

'ကျွန်မ တစ်ခါမှလည်း မကြားဖူးဘူး'

ချူက အံ့သြသောလေသံဖြင့် ပြောလိုက်သည်။

ထိုလူက တည်ကြည်သောမျက်နှာထားဖြင့်



'သခင်မလေး မကြားဖူးပေမယ့် သိုင်းလောကသားမှန် ရင် မကြားဖူးသူမရှိသလောက်ပါပဲ'

ဟု ပြောလေသည်။

ချူက

'သူ့ကို လူတိုင်းသိကြတယ်ပေါ့ဟုတ်လား'

'ဟုတ်ပါတယ်၊ သခင်မလေး ကဗျာဆရာကို လျှည်းနေ လှေအောင် မြင်းဇောင်းမကျန်အောင် သိထားကြပါတယ်'

ချူသည် ကဗျာဆရာအားမသိ၍ အိမ်ထိန်းကြီးပြောသည့် စကားကို မယုံနိုင်အောင်ဖြစ်နေ၏။

'ကျွန်မဟာ ချူစံအိမ်တော်က သခင်မလေးတစ်ယောက် ပါ၊ သိုင်းလောကနဲ့ ပတ်သက်ဆက်နွယ်နေသူပါ၊ သူက ဇီလောက်တောင်ကျော် ားနေရင် သူ့ကို မသိဘူး မမြင် ဘူးပဲထားဦး၊ သူ့နာမည်ကိုတော့ ကြားဖူးသင့်တာပေါ့'

ထိုလူက

'ဒါကတော့ သူ့အကြောင်းကို လူတွေမပြောကြလို့ တခြားချီးမွမ်းပြောဆိုခံရတဲ့ သိုင်းသမားကြီးတွေလို လူကို မသိလဲ နာမည်တော့ ကြားဖူးတဲ့အဖြစ်မျိုး မဟုတ်တာပါ'

ချူက

'သူ့ကိုလူတိုင်းသိကြတယ်၊ ဒါပေမယ့် သူ့အကြောင်းကို ဘယ်သူကမှ မပြောကြဘူးဟုတ်လား'

'ဟုတ်ပါတယ်သခင်မလေး'

'ထူးဆန်းလိုက်တာ ဘာကြောင့် မပြောကြတာလဲ'

ထိုလူက

'သူကိုယ်တိုင်က ထင်ပေါ်ကျော်ကြားမှုကို မလိုလားပါဘူး၊ အေးချမ်းလွတ်လပ်စွာ နေလိုပါတယ်၊ ဒါကြောင့် သူ့ကို ချီးမွမ်းပြောဆိုခြင်းမပြုကြဖို့နဲ့ ဖြစ်နိုင်ရင် သူ့အကြောင်း ဘာမှမပြောကြဖို့ သိုင်းလောကကို မေတ္တာရပ်ခံသွားခဲ့လို့ပါ'

ဟု ရှင်းပြလေသည်။



ချူ နှုတ်ခေါင်းရှုံ့လိုက်၏၊

'တော်တော်ကြီးကျယ်တဲ့လူပဲ'

ဟု ပြန်လိုက်သည်။

ထို့နောက်

'သူက မေတ္တာရပ်ခံတာကို သိုင်းလောကတစ်ခုလုံးကလဲ လက်ခံခဲ့ကြတယ်မဟုတ်လား'

ထိုလူက

'ဟုတ်တယ်၊ အားလုံးက လေးလေးစားစားပဲ လက်ခံခဲ့ကြပါတယ်၊ ဘယ်သူကမှ ကဗျာဆရာအကြောင်းကို မပြောကြလို့ သခင်မလေး မသိနိုင်ခဲ့တာပါ'

ချူက မယုံချေ။

'ဒါ တကယ်ပဲလား'

ဟု မေးလိုက်သည်။

ထိုလူက

'သခင်မလေးမယုံရင် သိုင်းလောကသား တစ်ဦးဦးကို သွားမေးကြည့်ပါ၊ ကဗျာဆရာကိုသိတယ်လို့ ချက်ချင်း ပြောမှာကြပါလိမ့်မယ်'

ချူက

'ဒါဆိုရင် အဲဒီကဗျာဆရာဆိုတဲ့လူဟာလဲ ဟန်ပုံ မပေါ်သေးပါဘူး၊ သူ့ဆီသွားဖို့ ဖေဖေကပြောခဲ့တယ်ဟုတ်လား'

ထိုလူက

'ဟုတ်ပါတယ်သခင်မလေး'

'ကျွန်မတို့ကို သူက အကူအတွပေးနိုင်မတဲ့လား'

ယခုတွင် ချူ၏လေသံသည် ကဗျာဆရာဆိုသူအပေါ်၌ လုံးဝ အယုံအကြည်မရှိသော လေသံမျိုး ဖြစ်နေပါသည်။

ထိုလူက

'ထင်ယန်ဂိုဏ်းချုပ်ဆီက အကူအညီမရရင် ကဗျာဆရာ သိုင်းသမားဆီသွားဖို့ သခင်ကြီးက သေသေချာချာ မှာလိုက်ပါတယ်၊ သူကလွဲပြီး တခြားဘယ်သူမှ အကူအညီပေးနိုင်မှာ မဟုတ်ဘူးလို့လဲ ပြောပါတယ်'

ချူက



'ဖေဖေဟာ ကဗျာဆရာအကြောင်း ကျွန်မကို ပြောသင့်တာပေါ့'

ထိုလူက

'ထင်ယန်ဂိုဏ်းချုပ်ဆီက အကူအညီရလိမ့်မယ်လို့ပဲ သခင်ကြီးလဲ ယုံကြည်ထားပုံရတယ်'

ချူ ခံပြင်းနေသည်။

'ထင်ယန်ဂိုဏ်းကို ကျွန်တော် ဘယ်တော့မှမကျေဘူး'

ချူ ကြုံးဝါးလိုက်သည်။

ထိုလူ သက်ပြင်းချလိုက်သည်။

'သခင်မလေးရယ် ကျုပ်တို့ကိုမကူညီတာ'

သူ၏ စကားမဆုံးမီ ချူက ကြားဖြတ်ပြောလိုက်သည်။

'လူမှန်ရင် ကျေးဇူးတရားကို သိတတ်ရမှာပဲ၊ ခုတော့ ထင်ယန်ဂိုဏ်းချုပ်ဟာ ကျေးဇူးကန်းတဲ့ လူတစ်ဦးဖြစ်နေပြီ၊ သူ့ကို ဘယ်နည်းနဲ့မှခွင့်မလွှတ်နိုင်ဘူး'

ချူက ဘာမှမပြောဘဲ နေလိုက်၏။

ထိုလူက

'သခင်မလေး ကျုပ်တို့ ထင်ယန်ဂိုဏ်းကို အားကိုးလို့ မရတော့ဘူး၊ ဒါကြောင့် ကဗျာဆရာကို လိုက်ရှာကြရင် ကောင်းမယ်'

ဟု ပြောလိုက်သည်။

ချူ ခေါင်းခါလိုက်သည်။

'ကျွန်မတို့ လိုက်ရှာစရာမလိုတော့ပါဘူး'

'ဟင်.... ဘယ်လိုလဲ သခင်မလေး'

'ကျွန်မက ဘယ်သူ့ကိုမှ အားမကိုးတော့ဘဲ ကိုယ့်ဘာသာ ဖြေရှင်းသွားမယ်လို့ ဆုံးဖြတ်လိုက်လို့ပါ'

'သခင်မလေး'

ထိုလူက လွှတ်ခနဲအော်လိုက်၏။

ချူက

'ဖြစ်ပျက်သမျှကို ကျွန်မတို့ ရင်ဆိုင်ကြတာပေါ့၊ အိမ်ပြန်ကြမယ်'

ထိုလူက ခေါင်းခါလိုက်၏။



'မဖြစ်ဘူး အိမ်ပြန်လို့မဖြစ်ဘူး၊ ကျုပ်တို့သခင်ကြီးကို ကူညီနိုင်အောင် ကြိုးစားရမယ်၊ ကဗျာဆရာကိုလိုက်ရှာရမှာပဲ'

'အိမ်ထိန်းကြီး သွားရှာချင်ရှာပေါ့၊ ကျွန်မကတော့ အိမ်ပြန်ပြီး မတရားလုပ်ခဲ့တဲ့လူတွေနဲ့ ရင်ဆိုင်ရလိမ့်မယ်'

'သခင်မလေး'

'သူတစ်ပါးဆီက အကူအညီရဖို့ ဒူးထောက် တောင်းပန်နေရမယ့်အဖြစ်မျိုးကို ကျွန်မ ဘယ်နည်းနဲ့မှ လက်ခံနိုင်မှာ မဟုတ်ဘူး၊ ချူအိမ်တော်ကလူတွေဟာ အသက်စွန့်ရင်သာ စွန့်မယ်၊ ဂုဏ်သိက္ခာကို ဘယ်တော့မှအထိခိုက်ခံကြမှာ မဟုတ်ပါဘူး'

အိမ်ထိန်း သက်ပြင်းချ၏။

'ချူအိမ်က လူတွေ အသက်စွန့်ခဲ့ကြပြီးပါပြီသခင်မလေး၊ ဒီလို စွန့်စားတဲ့ လုပ်ရပ်တွေ တော်သင့်ပါပြီ၊ ကျုပ်တို့မှာ နောက်ထပ် စွန့်စရာ အသက် ဘယ်နှစ်ချောင်း ကျန်လို့လဲ'

ချူမူ ကျောခိုင်းထား၏။

အိမ်ထိန်းက

'ကျုပ် အသက်သေရမှာ ကြောက်လို့ ပြောတာ မဟုတ်ဘူး၊ ကျုပ် အသက်ကို ဆယ်ခါပြန် သေရဲတယ်၊ ဒါပေမယ့် သခင်ကြီး စေခိုင်းတဲ့အတိုင်း ဖြစ်အောင် မလုပ်နိုင်ဘူး ဆိုရင် ကျုပ်တို့ အသက်စွန့်ရတာ အဓိပ္ပာယ်မဲ့ ဖြစ်သွားမှာပေါ့'

ချူမှူ ချက်ချင်းလှည့်ကြည့်၏။

အိမ်ထိန်း ဆက်ပြောသည်။

'သခင်ကြီးဟာ ဘယ်လို အခြေအနေနဲ့ ကြုံတွေ့နေရတယ်ဆိုတာ သခင်မလေး သိပါတယ်၊ ဘာလုပ်ရမယ်ဆိုတာလဲသိပါတယ်၊သခင်ကြီးက သခင်မလေးကို ဘယ်လောက်ယုံကြည်အားကိုးတယ်ဆိုတာ ပြောစရာတောင် မလိုဘူး'

သူမ ငိုင်သွား၏။
အိမ်ထိန်းက

'ကျုပ်ရဲ့ သဘောက တရားမျှတမှုကို ကိုယ်စားပြုတဲ့ လူတွေကို အကူအညီ တောင်းရတာ ဒူးထောက်တာလို့ မထင်ဘူး၊ သူတစ်ပါး မတရားလုပ်သမျှ ခေါင်းငုံ့ခံရပြီး နာမည်ပျက် ဂုဏ်သိက္ခာ ကျရမှာထက်စာရင် လူတော်တွေကို အကူအညီတောင်း သခင်ကြီးလိုရဲ့ အဖြစ်မှန်ကို ဖော်ထုတ်နိုင်မယ့် နည်းလမ်း ဘယ်ဟာကို ရွေးမလဲ'



သူမ ခန္ဓာကိုယ် တုန်လာ၏။
'ကျွန်မ....'
အိမ်ထိန်းက

'ကျုပ်တို့ဟာ သခင်ကြီးအတွက် အသက်ရှင်နေတာပါ၊ ချူအိမ်ကို ကာကွယ်ဖို့ ကျုပ်တို့ ဘာမဆို လုပ်ရမှာပဲ'

သူမ စိတ်လျှော့လိုက်၏။

'ကောင်းပါပြီ၊ ကျွန်မ သဘောပေါက်ပြီ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲ သခင်မလေး'

'တစ်နေ့ကျရင် ကျွန်မ ထင်ယန့်ဂိုဏ်းကို ဆုံးမမယ်၊ ဒါကိုတော့ အိမ်ထိန်းကြီး ခွင့်ပြုရမယ်'

သူ ခေါင်းညိတ်သည်။

'စိတ်ချပါ၊ ထင်ယန့်ဂိုဏ်းချုပ်ရဲ့ အသက်ကို သခင်ကြီးက ကယ်ခဲ့ဖူးပါတယ်၊ အခုကျတော့ သခင်ကြီးရဲ့ အခက်အခဲကို မသိချင်ဟန် ဆောင်နေတာ၊ သူ့လို လူစားမျိုးကို မဆုံးမရင် ဘယ်လိုလူကို ဆုံးမရမှာလဲ'

သူမ ကျေနပ်သွား၏၊
မျက်နှာ ပြုံးယောင်သန်းလာ၏။
အိမ်ထိန်းက

'ကျုပ်တို့ မကြာခင်တောင် ဆုံးမရမှာပါ'

ဟု ပြော၏။
သူမက
'အိမ်ထိန်းကြီး ဆိုလိုတာက'

'ကျုပ်တို့ ရောက်လာတာကို သိပေမယ့် ဘာကိစ္စလဲ ဆို
တာ ကျုပ်တို့ မပြောရသေးဘူး၊ ဒါတောင်မှ သူက လက်ခံ
တွေ့ခြင်းမပြုဘဲ နေခဲ့တယ်၊ ကျုပ်တို့ ကိစ္စကို သိနေသလိုပဲ

သူမက
'သူဘယ်လိုလုပ် သိမှာလဲ'
သူက

'ရှင်းပါတယ်၊ ခုကိစ္စသူသိရင် သခင်ကြီးဘက်က ရပ်တည်
မလား၊ ရန်သူဘက်က ရပ်တည်မလား၊ ဒီနှစ်ခုပဲ ရှိတယ်၊
သူက ကျုပ်တို့ ချူအိမ်က လူတွေဆိုတာ သိတာတောင်မှ
မတွေ့ဘူးဆိုတော့ သခင်ကြီးဘက်က ရပ်တည်မှာ မဟုတ်ဘူး
ဆိုတာ ထင်ရှားနေပါပြီ'



'ဒြော် သူက ဖေဖေရဲ့ ရန်သူဘက်က ရပ်တည်မယ်ဆိုပါ
တော့လေ'

'ဒါကြောင့်လဲ ကျုပ်တို့ကို အတွေ့မခံတာ ထင်ရှားတယ်
'တောက်'
သူမ ဒေါသတကြီးတက်ခေါက်၏၊
အိမ်ထိန်းက ဆက်ပြော၏။

'ကျုပ်တွေးတာမှန်ရင် ဒီနေရာမှာ မနေသင့်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'သူက ကျုပ်တို့ကို ဒီအတိုင်း လွှတ်ပေးမယ်လို့ထင်လား'

သူမ မျက်နှာပျက်သွား၏၊
ထိုစဉ်မှာပင်
'ဟူး ဟူး ဟူး'

အာတ်စား လေတိုးသံများ ထွက်ပေါ်လာသည်။

ချူမှုနှင့် အိမ်ထိန်းကြီးတို့ ဝန်းကျင်ကို အကဲခတ်၏၊

ထိုအခါ အနက်ရောင်ဖတ်၍ မျက်နှာဖုံးစွပ်ထားသူတစ်စု ရောက်ရှိလာသည်ကို တွေ့ရသည်။

x x x

ရန်ပြုမည့်သူများ ရောက်လာပြီ ဖြစ်သည်။

ချူမူ အံ့ကြီတ်သည်။

'အိမ်ထိန်းကြီး တစ်ယောက်မှ မလွတ်စေနဲ့နော်'

ဟု ပြော၏။
အိမ်ထိန်းက

'စိတ်ချပါ၊ သူတို့ကို ကျုပ်တစ်ဦးတည်း တာဝန်ယူပါမယ်၊ သခင်မလေး သွားနှင့်ပါ'

'ဟင် ကျွန်မ ထွက်သွားရမယ် ဟုတ်လား'



'ဟုတ်ပါတယ်၊ အချိန်ကြာရင် သခင်ကြီးကို ကယ်ဖို့ နောက်ကျနေလိမ့်မယ်၊ သူတို့နဲ့ အချိန်ဖြုန်းမနေသင့်ဘူး'

သူမ ခေါင်းခါ၏။
'ဒီလိုတော့မဖြစ်ဘူး'
'သခင်မလေး'

'သွားရင်လဲ နှစ်ယောက်လုံး သွားမယ်၊ ရင်ဆိုင်ရင်လဲ နှစ်ယောက်လုံး ရင်ဆိုင်ကြမယ်'

သူမ ပြတ်သားစွာ ပြော၏။

အိမ်ထိန်း အကြပ်ရိုက်သွား၏။
ထိုစဉ်မှာပင်
'တစ်ယောက်မှမလွတ်စေနဲ့'

အမိန့်ပေးသံ ထွက်ပေါ်လာသည်ကို ကြားရသည်။

အနက်ရောင်ဝတ်လူတို့ လှုပ်လှုပ်ရှရှ ဖြစ်ကြပြီး

'ယား'

ညာသံပေး၍ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လာ၏၊

သူတို့ ထွက်သွားဖို့ အချိန်မရတော့ပါ။

သူတို့သည် ဓားဆွဲထုတ်ကာ ပြန်လည် ခုခံတိုက်ကြသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်လာသည်။

ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်....

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

စူးရှသည့် အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာ၏။

ထိုလူတို့ ထိခိုက်ဒဏ်ရာရ၍ နောက်ဆုတ် သွားကြရသည်။

ချူမူ ကျောနပ်သွားသည်။

'ဘယ်လိုလဲ နင်တို့ သူတို့ မရှိကြတော့ဘူးလား'

ဟု ခနဲ့လိုက်လေသည်။



အ°မ်ထိန်းကမူ

'သခင်မလေး ကျုပ်တို့ ထွက်သွားဖို့ အချိန်တန်ပါပြီ'

ဟု တီးတိုး သတိပေးလိုက်သည်။

အသာစီးရနေသဖြင့် သူမ နောက်ဆုတ်ဖို့မစဉ်းစားပါ။

'အ°မ်ထိန်းကြီး ကျွန်မတို့ကို ဒုက္ခပေးချင်တာ ဘယ်သူ
တွေလဲလို့ သိရအောင် မျက်နှာဖုံးစွပ်တွေကို ချွတ်ကြည့်မယ်'

ဟု ပြောလိုက်သည်။

အ°မ်ထိန်းက....

'သခင်မလေး အချိန်ရှိတုန်း မြန်မြန်သွားမှ ဖြစ်မယ်'

ထိုအချိန်မှာပင်
'ဟား ဟား ဟား'
ရယ်သံ ထွက်ပေါ်လာသည်။

လူတစ်ယောက် ရှေ့တိုး ထွက်လာ၏။

ထိုလူသည်လည်း အနက်ရောင်ဝတ်၍ ခေါင်းစွပ်နက် စွပ်
ထားသဖြင့် မည်သူမှန်း မသိရချေ။

သို့သော်

ထိုလူ၏လှုပ်ရှားမှုကို ကြည့်ရုံဖြင့် ထိပ်တန်း သိုင်းသမား တစ်ယောက်ဖြစ်ကြောင်း အဝိမ်ထိန်း ရိပ်မိသည်။

'သခင်မလေး သတိထားပါ'

ဟု တီးတိုး သတိပေး၍ ရှေ့သို့ ထွက်၍ ထိုလူနှင့် ရင်ဆိုင်လိုက်သည်။

ထိုလူက

'ချူအဝိမ်က အဝိမ်ထိန်းရဲ့ ဝက်ပေါ် လက်ဝါး ပညာကို ကျုပ် လေ့လာချင်နေတာ ကြာပါပြီ၊ ဒီကနေ့မှပဲ အခွင့် အရေးကြုံတော့တယ်'

ဟု ပြောလိုက်သည်။

အဝိမ်ထိန်း အံ့ဩသွားသည်။

'ကျုပ် ဝက်ပေါ်လက်ဝါးသိုင်း တတ်တာကို သိတဲ့လူ ရှိနေသေးတာကိုး၊ ကောင်းပြီလေ မင်းက လေ့လာချင်တယ် ဆိုရင် ကြည့်ထားပါ'



စကားဆုံးလျှင် လက်ဝါးနှစ်ဖက်၌ အတွင်းအား စုစည်း၍ စတင် တိုက်ခိုက်လိုက်၏။

ထိုလူကသည်း လက်နှစ်ဖက်ကိုပင်အသုံးပြု၍ ပြန်တိုက်၏။

သူတို့ လှုပ်ရှား တိုက်ခိုက်သည်နှင့် လေတိုးသံတို့သည် မြည်ဟီး ထွက်ပေါ်လာ၏။

အဝတ်တို့ တဖျပ်ဖျပ် လှုပ်လွန့်သွားသည်၊

ဖုန်များ သဲများ ပလူပျံနေသည်။

ချူမူ အပျောကယာ နောက်ဆုတ်၏။

အနက်ရောင်ဝတ်လူတို့က သူမကို အလွတ်မပေးဘဲ ပြေး ဝင်လာပြန်၏။

Z X Z

ရန်သူမှာ လူ ၃၀ ခန့်ရှိ၏။

လက်နက်ကိုယ်စီကိုင်ဆောင်ကျသလို သိုင်းပညာဆက်မြက် သူများလည်း ဖြစ်သည်။

ထို့ကြောင့် ချုပ်မှုနှင့်အဝိမ်တိန်းတို့မှာ အကြောက်အကန် ရင်ဆိုင်နေရသည်။

ယခုတစ်ကြိမ်

ထိုလူများသည် ချုပ်မှုကို အထင်သေး၍မရမှန်း သဘော ပေါက်ကြသဖြင့် တရကြမ်း ဝင်တိုက်ကြခြင်းမဟုတ်ဘဲ ခပ် ခွာခွာ တိုက်ခိုက်ကြ၏။

အခွင့်ရလျှင် ရသလို လက်နက်ပုန်းတို့လည်း အသုံးပြု၏။

ထိုလူတို့က အဏပ်မခံသဖြင့် ချုပ်မှု အခက်ကြုံရသည်။

ရှေ့မှ ရန်သူကို တိုက်လျှင် ထိုလူနောက်ဆုတ်ပြီး နောက် ကျောမှလူက အလစ်တိုက်ခိုက်လာ၏။

သူမ ချာခနဲလှည့်၍ ထိုလူကို တိုက်သည့်အခါ ထိုလူက နောက်ဆုတ်ပြီး ခဲယာတစ်ဖက်စီမှ လူတို့က ဝင်လာပြန်၏။

ထိုလူတို့၏ နည်းပရိယာယ်မှာ အသုံး ဝင်နေပြီး သူမ အခက်ကြုံလာရသည်။

လေးဖက် လေးတန်မှ ဝိုင်းရံထားသော ရန်သူများကို ခုခံတိုက်ခိုက်ခြင်း၊ တစီစီ ပင်လွင့် လာသည့် လက်နက်ပုန်း



များကို ရှောင်ရင်း အချိန်ကြာသည်နှင့်အမျှ မောဟိုက်လာ လေသည်။

သူမက အခက်ကြုံနေသဖြင့် အကူအညီရလိုရငြား အဝိမ် ထိန်းကို လှမ်းကြည့်မိသည်။

အဝိမ်ထိန်းကြီးသည်လည်း သူမကဲ့သို့ပင် အခက် ကြုံနေ သည်ကို တွေ့ရလေသည်။

ဓတ်စုံနက်သုံးယောက်သည် အိမ်ထိန်းကြီးကို ရှေ့နောက် ညပ်၍ တိုက်ခိုက်နေ၏။

ရှေ့က တစ်ယောက်၊ နောက်က နှစ်ယောက်ဖြစ်သည်။

နောက်က ဓားကိုယ်စီ ကိုင်ထား၏။

ရှေ့က သူနှင့် လက်ဗလါချင်း ယှဉ်ပြိုင်နေခြင်းဖြစ်၏။

ဆူအနေနှင့် ထိုလူများကို လွတ်လပ်စွာ ယှဉ်ပြိုင် မရလေ အောင် နောက်ကလူတို့က အနှောင့်အယှက်ပေးနေ၍ဖြစ်၏။

သူတို့၏ တိုက်ခိုက်မှုသည် အိမ်ထိန်း၏တိုက်ကွက်ပျက်ပြား စေရန်သာ ရည်ရွယ်နေသည်။

ထိုလူတို့သည် ပရမ်းပတာ တိုက်ခြင်းမဟုတ်ဘဲ အကွက်ကျကျ အချိတ်အဆက်မိမိ တိုက်နေ၍ စည်းစနစ်တကျ ရှိလှသဖြင့် ဂိုဏ်းအဖွဲ့ တစ်ခုခုမှ သိုင်းသမားများ ဖြစ်သည်ကို ထင်ရှားပါသည်၊

ချူမှူ ဒေါသထွက်မိ၏၊
'ထင်ယန်ဂိုဏ်းရဲ့အကြံ ဒါအကုန်ပဲလား'
ဟု အော်ပြောသည်။

ထိုလူများကို အမှုမထားဘဲ အနိုင်ရရေးသာ ဦးတည်၍ တိုက်ခိုက်နေကြ၏၊

သို့ဖြင့်–

အချိန်များ ကုန်ဆုံးသွားသလို အိမ်ထိန်းနှင့် ချူမှူတို့မှာ ပို၍ပို၍ အကျပ်ရိုက်လာကြလေသည်။

o o o



တိုက်ပွဲသည် တစ်စထက်တစ်စ ပြင်းထန်လာ၏၊

သခင်မလေး ချူမှူ မကျေမနပ် ဖြစ်လာသည်။

သူမတို့ကို ဝိုင်းချံကြသူများမှာ ထင်ယန်ဂိုဏ်းမှ လူများဖြစ်သည်ဟု ယုံကြည်၍ ဒေါသ ထွက်ဆာ ပို၍ တိုက်ခိုက်၏၊

သူမသည် အနက်ရောင်ဝတ်သူ တစ်ယောက်ကိုတိုက်ခိုက်၍ ထိုလူ၏ ဓားကို လုယူပြီး ပြန်လည် ဝှေ့ယမ်း လိုက်သလို သူမ၏ လက်နက်ပုန်းတို့ကိုလည်း ထုတ်ယူ၍ ပစ်ခတ် တိုက်၏၊

ဝင်းလက် တောက်ပသည့် ဓားရောင်များ ထွက်လာ၏၊

လက်နက်ပုန်းများလည်း တရစပ်ပစ်လွှင့်သွား၏၊

မရှေးမနှောင်းမှာပင်

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'

စူးရှသည့် အော်ဟစ်သံများ တစ်ခဲနက် ထွက်လာသည်။

အနက်ရောင်ဝတ်တို့ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြ၏။

ချူမူ ဝမ်းသာမိ၏။
'ရှင်တို့ ဘာတတ်နိုင်မှာလဲ'
ဟု ကြုံးဝါး၏။

ထိုစဉ်မှာပင်
'ဝှန်း'

လူရိပ်တစ်ခုသည် ရိပ်ခနဲ ခုန်ဝင်လာပြီး သူမကို ခြေဖြင့် ဆန်ကျောက်၏။

'မမျှော်လင့်ဘဲ ခံလိုက်ရသဖြင့် သူမ မရှောင်နိုင်တော့ပါ'

သူမ၏ ဝဲဘက်ပခုံး၌ အကန်ခံရပြီး အဝေးသို့ လွင့်သွားလေသည်။

အိမ်ထိန်းသည် ရန်သူနှင့် ရင်ဆိုင်နေရာမှ ချူမူခံလိုက်ရသည်ကို တွေ့၍ ထိတ်လန့်သွားကာ
'သခင်မလေး'
ဟု အော်မိ၏။



ချက်ချင်းပင် သူမထံ ပြေးသွားရန် ကြိုးစားလိုက်၏။

ထိုအခါ
'မပြေးနဲ့'

အနက်ရောင်ဝတ် သုံးယောက်က ညပ်ပူးညပ်ပိတ် တိုက်ခိုက်လိုက်လေ၏။

သူမ အတွက် စိတ်ပူနေသည့် အိမ်ထိန်းလည်း အလော တကြီး ဖြစ်နေ၍ ဒဏ်ရာရရှိလေသည်၊

'ဝှန်း'
'အား'

သူတို့နှစ်ယောက် ခံလိုက်ကြရပြီ ဖြစ်သည်။

'မလှုပ်နဲ့'

ထိုလူတို့က သူမတို့ကို ဓားဖြင့်ချိန်၍ ဖမ်းလိုက်ကြ၏။

သူမ ဒေါသထွက်သွား၏။

'လူယုတ်မာတွေ၊ ရှင်တို့ကို ကြောက်နေရမှာလား'

ဟု အော်ဟစ်၍ ခုန်ထလိုက်၏။

သူမသည် အသက်ကိုပင် ပဓာနမထားဘဲ ရန်သူများနှင့် သူသေကိုယ်သေ တိုက်ခိုက်ရန် ကြိုးစား၏။

ထိုစဉ်မှာပင်...

'ဟူး....ဟူး'

လူရိုင်းတစ်ခုသည် လျှပ်တစ်ပြက်ခုန်ဝင်လာ၍ အနက်ရောင် ဝတ်ဆင်ထားသူတို့ကို တိုက်ခိုက်လိုက်တော့သည်။

o o o

အနက်ရောင် ဝတ်ထားသူများသည် ချူမူနှင့် အာဝိမ်ထိန်း ကြီးတို့ကို လူအင်အားသုံး၍ အနိုင်ယူကြ၏။

သူက ဖမ်းဆီး ချုပ်နှောင်ရန် ဟန်ပြင်စဉ်မှာပင် လူရိုင် တစ်ခု ရောက်ရှိလာပြီး တိုက်ခိုက်ခြင်း ဖြစ်သည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျ'



ကျယ်လောင်သည့် အော်သံများ ထွက်ပေါ်လာ၏။

ထိုလူများ ဖရိုဖရဲ ကျသွားကြသည်။

'ဟင်'

ခေါင်းဆောင်သည် ကြားဝင်လာသူကို မကျေမနပ်ဖြင့် ကြည့်လိုက်ပြီး....

'မင်းဘယ်သူလဲ၊ ဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲဝင် ရှုပ်ရတာလဲ'

ဟု ဝေါက်လိုက်၏။

ထိုလူမှာ အဖြူရောင်ဝတ်၍ ခေါင်းစွပ်အဖြူ စွပ်ထား သူ ဖြစ်သည်။

အနက်ရောင်ဝတ်သူတို့နှင့် ဆန့်ကျင်ဖက်ဖြစ်၏။

ထိုလူသည် အနက်ရောင်ဝတ်တို့ကိုလုံးဝဂရုမစိုက်ဘဲ ချူမူ တို့ထံ ချဉ်းကပ်သွားပြီး–

'သခင်မလေးတို့ မြန်မြန်ထွက်သွားကြပါ၊ သူတို့ကိုကျုပ် ဟန့်တားထားလိုက်ပါမယ်'

ဟု ပြောလေ၏။

ချူမှူနှင့် အာမိမ်ထိန်း ကြောင်နေကြသည်။

ထိုလူကို ထအံ့တသြ ကြည့်မိသည်။

ဝတ်စုံနက်များလည်း မတိုက်ခိုက်ဘဲ နောက်ဆုတ်မိ၏။

လူမသည် ထိုလူ၏ အသံကို ကြားသွားသည်ဟု ထင်မှတ်နေစဉ်မှာပင်–

'သခင်မလေး မြန်မြန်သွားပါ'
ဝတ်စုံဖြူ တိုက်တွန်းလာ၏။
ထိုအချိန်မှာပင်

'တိုက်ကြစမ်း'

အမိန့်ပေးသံ ထွက်ပေါ်လာသည်။

နောက်ဆုတ်သွားသည့် ဝတ်စုံနက်များသည် ပြန်လည်၍ ရှေ့တိုးလာပြီး....



'ယား'
ဩသံပေး၍ တိုက်ခိုက်ကြ၏၊
ဝတ်စုံဖြူက

'နောက်ဆုတ်လိုက်ကြစမ်း'

ဟု အော်ငေါက်ကာ ဟန့်တား တိုက်ခိုက်၏။

ချူမှူနှင့် အာမိမ်ထိန်းသည် လူးလိမ့်ခုန်ထပြီး ရန်သူနှင့် ရင်ဆိုင်ကြသည်။

ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာပြန်သည်။

'ဝုန်း'
'အား'
'အမယ်လေး'
'သေပါပြီဗျာ'

အော်သံများ ပေါ်လာပြန်သည်။

ဝတ်စုံဖြူ၊ ချူမှူနှင့်အာမိမ်ထိန်းသည် တက်ညီလက်ညီတိုက်ကြသဖြင့် အနက်ရောင်ဝတ်များ ဖရိုဖရဲဖြစ်ကြလေသည်။

ထိုအတူ

ချူမူနှင့် အိမ်ထိန်းလည်း ဒဏ်ရာများ ရရှိသွားသည်။

မည်သို့ဆိုစေ....

အနက်ရောင်ဝတ်များမှာ အင်အားကောင်း၍နောက်ထပ် တိုက်ပွဲ ဆင်ရဦးမည်ဖြစ်ကြောင်း ထင်ရှားနေသည်။

ထိုအချိန်မှာပင်

'ဖောက်....ရှီး'

မီးကျည်တစ်ခုသည် ကောင်းကင်ပေါ် ထိုးတက်လာသည်ကို တွေ့လိုက်ရသည်။

အနီရောင် မီးခိုးငွေ့တန်းကို အဝေးမှပင် မြင်တွေ့ရလေ၏။

အနက်ရောင်ဝတ်များ လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

ခေါင်းဆောင်က....

'ဝိုင်းထားကြဟေ့ တို့မိတ်ဆွေတွေ မကြာခင် ရောက်လာတော့မယ်၊' သူတို့ ပြေးမလွတ်နိုင်တော့ဘူး



ဟု ပြောလိုက်၏။
ဝတ်စုံဖြူ လန့်သွားသည်။
'သခင်မလေး မြန်မြန်ပြေးပါ'

ဟော်ပြောချင်း ညာသံပေး၍ ပြေးဝင်လာသည့် အနက်ရောင်များကို ဟန့်တားလိုက်၏။

အခြေအနေကား ပို၍ ရှုပ်လာပြီ ဖြစ်သည်။

နောက်ထပ်လူများ ရောက်လာကြတော့မည် ဖြစ်သည်။

ချူမူနှင့် အိမ်ထိန်း တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြသည်။

အိမ်ထိန်းက

'သခင်မလေး ကျုပ်တို့ သွားကြရင် ကောင်းမယ်'

ဟု ပြောသည်။
သူမက
'ကျွန်မတို့သွားကြမယ်'
'ဟုတ်တယ်'
'ကျွန်မ—'

'ကျုပ်တို့ ဗီမှာနေလို့ရော တာများ အကြောင်းထူးမှာ လဲ၊ အန္တရာယ်ဖြစ်ဖို့ပဲ ရှိတယ်'

ထိုစဉ်
'သခင်မလေး မြန်မြန် သွားကြပါ'
ဝတ်စုံဖြူ အော်ပြောလာသည်။

'လာပါ သခင်မလေး'

အိမ်ထိန်းသည် ချူမူ၏ လက်ကိုဆွဲ၍ ပြေးသွားလေ၏။

z z z

ချူမူနှင့် အိမ်ထိန်းတို့ ရှောင်ထွက် သွားကြပြီဖြစ်၏။

ဝတ်စုံဖြူ ကျေနပ်မိသည်။

ချူမူတို့နောက် လိုက်ရန် ဟန်ပြင်နေသည့် အနက်ရောင် တို့ကို ဟန့်တားရင်း....
'အားလုံး လက်လျှော့လိုက်ပါ'
ဟု အော်ပြော၏။



အနက်ရောင်ခေါင်းဆောင်က ရှေ့လှမ်းထွက်သည်။

ထိုလူသည် ဝတ်စုံဖြူအား မကျေမနပ် ကြည့်ပြီး—

'ကိုယ်နဲ့မဆိုင်တဲ့ ဝင်မရှုပ်ပါနဲ့၊ ထမ်းဖယ်လိုက်ပါ'

ဟု ပြောလာသည်။

ဝတ်စုံဖြူက

'ဒုဂိုဏ်းချုပ်ကြီး ဘာကြောင့်မတရားလုပ်ချင်ရတာလဲဗျ

ပြော၏။

ခေါင်းဆောင် လှုပ်လှုပ်ရှရှ ဖြစ်မိသည်။

'မင်း—မင်း'
ဝတ်စုံဖြူက
'ဒုဂိုဏ်းချုပ် ပြန်ကြပါတော့

'ကျုပ်ကို ဟန့်တားလို့ ရမယ်ထင်လား'

ခေါင်းဆောင်သည် ကြုံးဝါးပြီး ဝတ်စုံဖြူထံ ဝင်ရောက် တိုက်ခိုက်သည်။

တော်စုံဖြူသည်လည်း ပြန်၍ တိုက်ခိုက်သည်။

နှစ်ယောက်သား ထိပ်တိုက် ရင်ဆိုင်မိသည်နှင့်—

'ဝုန်း'

ကျွယ်လောင်စွာ ထွက်ပေါ်လာ၏။

ခေါင်းဆောင်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်ရသည်။

သူ မျက်လုံးပြူးသွားသည်။

တော်စုံဖြူကို ကြည့်ရင်း...
'မင်း–မင်း...သခင်လေး
တော်စုံဖြူ ကပျာကယာနောက်ဆုတ်၏၊

ချူမူနှင့် အိမ်ထိန်းတို့ လွတ်သွားပြီဖြစ်ကြောင်း တွေ့ရ လျှင် ရှည်ဝေးစွာ စဉ်းစား မနေဘဲ ရှောင်ထွက်သွားသည်။

တော်စုံနက်တို့သည် ချူမူတို့ကို မဖမ်းနိုင်၊ တော်စုံဖြူကိုလဲ မဖမ်းနိုင်၍ မှုကျေမနပ် ဖြစ်မိသည်။

ခေါင်းဆောင်က...



'တောက်...အသုံးမကျတဲ့ အောင်တွေ'

ဒေါသတကြီး တက်ခေါက်၍ ငယ်သားများကို အော် ငေါက်သည်။

ထိုနောက် မျက်နှာဖုံးကို ချွတ်၏၊

ထိုအခါ

ထင်ယန်ဂိုဏ်း၏ ဒုဂိုဏ်းချုပ် ဖုန်လူဖြစ်ကြောင်း ပေါ် လွင်လာ၏။

ဖုန်လူ မျက်နှာဖုံး ချွတ်လိုက်၍ ငယ်သားတို့လည်း ချွတ် လိုက်ကြသည်။

ထိုလူများမှာ ထင်ယန်ဂိုဏ်းသားတို့ ဖြစ်ကြပါသည်။

သူတို့သည် ချူမူနှင့် အိမ်ထိန်းတို့အား အဘယ်ကြောင့် ရန်ပြုခဲ့သနည်း။

အဘယ်ကြောင့် လိုက်ဖမ်းခဲ့ကြသနည်း။

ထို့စဉ်

'ဟူး ဟူး ဟူး'

အဝတ်စားလေတိုးသံများ ထွက်လာ၏၊

အပြာရောင် ဝတ်သူတစ်ဦး ရိပ်ခနဲ ရောက်လာသည်။

ထိုလူမှာ ချူမူ၏ ကိုယ်ရံတော် ကျင်ခုံကို သုတ်သင်ပစ်ခဲ့သည့် မျက်လုံးစိမ်းနှင့်လူ ဖြစ်သည်။

ထိုလူသည် ဖုန်လူကို ကြည့်လိုက်ပြီး
'သူတို့လွတ်သွားကြပြီ ဟုတ်လား'
ဟု မေး၏။

ဖုန်လူက
'ဟုတ်တယ်'
'ဘာကြောင့် သူတို့ကိုမတားတာလဲ'

'တားနေတာပဲဗျ'
'တောက်'

ထိုလူ မကျေမနပ်ဖြင့် တက်ခေါက်၏။
'တော်တော်အသုံးမကျတဲ့လူတွေ'
ဟုအထင်သေးစွာ ပြောသည်။



ထိုနောက်-

ဖုန်လူတို့ကို ဂရုမစိုက်တော့ဘဲ ချူမူတို့ ပြေးသွားရာသို့ လိုက်သွားလေ၏။

ဖုန်လူ မကျေမနပ် ဖြစ်မိသည်။

သို့သော်

မျက်လုံးစိမ်းနှင့် လူမှာ ကြောက်စရာကောင်းသူဖြစ်သည်ကို နားလည်၍ မပြောဝံ့ချေ။

ငယ်သားများကို ဝေ့ကြည့်ပြီး
'ထင်ယန်ဂိုဏ်းကို ပြန်ကြမယ်'
ဟု အမိန့်ပေးလိုက်သည်။

X X X

ထင်ယန်ဂိုဏ်း။

ရုတ်တရက်ကြည့်လျှင် အေးချမ်းသာယာ၍ တည်ငြိမ်မှု ရှိသည်ဟု ထင်ရသည့် နာမည်ကျော်ထင်ယန်ဂိုဏ်းမှာအတွင်း လှိုက်၍ မငြိမ်မသက်ဖြစ်လျက်ရှိသည်။

သီးသန့်အဆောင်အတွင်း၌ ထင်ယန် ဂုဏ်းချုပ် ထင်ရှုံ ရှိနေ၏။

ထင်ရှုံသည် အခန်းထဲ၌ လက်နှစ်ဖက် နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ဂဏာမငြိမ် ဖြစ်နေသည်။

ထိုစဉ်

အစောင့်တစ်ဦး ဝင်လာကာ ထင်ရှုံကိုဦးညွှတ်လိုက်သည်။

ထင်ရှုံက

'ဘာသတင်းထူးလဲ မြန်မြန်ပြောစမ်း...

ဟု မေးလိုက်လေသည်။

အစောင့်က

'ဒုဂုဏ်းချုပ် ပြန်ရောက်လာပါပြီခင်ဗျာ...

ဟု အစီရင်ခံလိုက်လေသည်။

ထင်ရှုံက လက်ဝှေ့ယမ်းပြလိုက်လေ၏။



'မြန်မြန်လွှတ်လိုက်စမ်း....

'ကောင်းပါပြီခင်ဗျာ....

အစောင့် ပြေးထွက်သွားပြီး မကြာမနှောင်းမှာပင် ဒုဂုဏ်းချုပ်ဖုန်လူအာ အခန်းထဲသို့ဝင်လာလေသည်။

ဖုန်လူသည် ထင်ရှုံကို ဦးညွှတ်ဂါရဝပြုလိုက်သည်၊

'ဂုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်ခင်ဗျာ....

ထင်ရှုံက

'ဒါနဲ့ဘာသတင်းပါသလဲ၊ အခြေအနေဘယ်လိုရှိသလဲဆိုတာ ပြောစမ်းပါ'

ဟု အလောတကြီးမေးလေသည်။

ဖုန်လူက မဝံ့မရဲဖြင့်....

'ချူအိမ်တော်က သခင်မလေး လွတ်မြောက်သွားပါပြီ'

ဟု ပြောလိုက်သည်။

'ဘာ'

ထင်ရှုံ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်၊

ဖုန်လူကို မျက်လုံးပြူး၍ကြည့်လိုက်ပြီး —

'ဘာပြောတယ်၊ သခင်မချူလွတ်သွားတယ် ဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး—

ထင်ရှုံအ

'တော်တော်အသုံးမကျတဲ့ကောင်တွေ....

ဟု ဒေါသတကြီးအပြစ်တင်လိုက်သည်။

ဖုန်လူက ခေါင်းငုံ့ထားလိုက်သည်။

သူသည် ထင်ရှုံပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိသဖြင့် အပြစ်ပေးခံရမည်ကို စိုးရိမ်ပူပန်၍နေပါတော့၏။

ထင်ရှုံက



'ချူမူ လွတ်သွားတာ ကျုပ်တို့အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ မင်းသိသလား....

ဖုန်လူအာဘာမှမပြောပါ။

ထင်ရှုံအ

'ချူမူလွတ်ခဲ့တဲ့အတွက် ကျုပ်တို့ဂိုဏ်း တစ်ခုလုံး ပြိုကွဲပျက်စီးနိုင်တယ်ဆိုတာမင်းသိလား....

ဖုန်လူအ

'ကျုပ်တို့ အစွမ်းကုန်ကြိုးစားပါတယ် ဂိုဏ်းချုပ်ကြီး၊

ချူမူကို မိကာနီးအချိန်မှာပဲ လူတစ်ဦးအ ဝင်ရှုပ်ခဲ့တဲ့အတွက် သူတို့ကို လွှတ်ပေးလိုက်ရတာပါ....

ထင်ရှုံ မျက်မှောင်ကုပ်သွား၏။

'ဘယ်သူအ ဝင်ရှုပ်တာလည်း....

ဟု ခက်ထန်သည့်လေသံဖြင့် မေးလိုက်၏။

ဖုန်လူသည် အမှန်အတိုင်းမပြောရဲဘဲ ခေါင်းငုံ့ထား၏။

ထင်ရှုံ ပို၍မကျေမနပ်ဖြစ်ရသည်။

'ဘယ်သူဝင်ရှုပ်တယ်ဆိုတာကိုပြောစမ်း....

'ကျုပ်....ကျုပ်....

'ဖုန်လူ၊ မင်း ဘာလို့မပြောသေးတာလည်း....

'ကျုပ်....ကျုပ်..မပြောရဲလို့ပါဂိုဏ်းချုပ်ကြီး'

ထင်ရှုံက

'ကောင်းပြီ၊ မင်းက အမှန်အတိုင်းမပြောရင် မင်းကိုလဲ ထိုက်သင့်တဲ့အပြစ်ဒဏ်ပေးရမယ်....

ထိုစဉ်

'သူ့မှာ အပြစ်မရှိပါဘူးဖေဖေ....

စကားသံတစ်ခု ထွက်ပေါ်လာသည်။

ထင်ရှုံ လှမ်းကြည့်သည့်အခါ အခန်းထဲသို့ လှမ်းဝင်လာသည့် သားဖြစ်သူ ထင်ကျိကို တွေ့လိုက်ရသည်။



'သခင်လေး—

ဖုန်လူအလွတ်ခနဲခေါ်လိုက်သည်။

ထင်ရှုံက

'သား၊ မင်းက ဘာလို့ဝင်ပြောနေတာလဲ၊ဒီမှာ ပြဿနာပေါ်နေပြီကွ....

ဟု ပြော၏။

ထင်ကျိက

'ကျွန်တော်သိပါတယ်ဖေဖေ....

ထင်ရှုံက

'မင်းသိတယ် ဟုတ်လား....

'ဟုတ်ပါတယ်....

'ဒါဖြင့် ဘယ်သူလဲ ပြောစမ်း....

ထင်ကျိက ရင်ဆောင့်၍—

'ကျွန်တော်ပါ ဖေဖေ....

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင်....

'ဟေ'

ထင်ရှုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

Z Z Z

အခန်းတွင်း၌ အပ်ကျသံကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဖိုးနီလူဘ နောက်ဆုတ်လိုက်၏။

သခင်လေး ထင်ကျော်ကြောင့်သာလျှင် သူက ချုပ်မှုတို့ကို လွှတ်ပေးလိုက်ရခြင်းဖြစ်၏။



ယှဉ်ပြိုင်တိုက်ခိုက်ရင်း ဝတ်စုံဖြူအသုံးပြုသည့် သိုင်းကွက်ကိုကြည့်၍ ဝတ်စုံဖြူသည် သခင်လေးထင်ကျော် ဖြစ်ကြောင်း ရိပ်မိလိုက်၏။

ထို့ကြောင့် ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ လက်လျှော့လိုက်ခြင်းဖြစ်၏။

ထင်ရှုံသည် သားဖြစ်သူထင်ကျော်ကို မျက်လုံးပြူး၍ကြည့်နေ၏။

ထင်ကျော်က တည်ကြည်သောမျက်နှာဖြင့် ရင်ဆောင့်၍ ရပ်နေ၏။

အတော်ကြာလေးကြာမှ...

'ထင်ကျော်....

ထင်ရှုံ၏အသံတုန်ပေါ်လာ၏။

ထင်ကျော် ဦးညွှတ်လိုက်၏။

'အမိန့်ရှိပါ ဖေဖေ....

ထင်ရှုံက

'မင်း....ဘယ်လိုလုပ်လိုက်တာလဲ....

ဒေါသကြောင့် သူ၏အသံတုန်ခါနေသည်။

ထင်ကျော်က....

'ကျွန်တော်က သခင်မချူမှုကို ကူညီလိုက်တာပါဖေဖေ'

'မင်း....မင်း....

'ဖေဖေ၊ ချူအိမ်တော်ဟာ တစ်ချိန်က ဖေဖေ့အပေါ်မှာ ကျေးဇူးရှိဖူးတယ် မဟုတ်လား–

'မင်း'

ထင်ရှုံ မျက်နှာပျက်သွား၏။

ထင်ကျော်က....

'ဖေဖေ၊သူ့အိမ်တော်သခင်ကြီးဟာ ဖေဖေ့ကို အသက်ကယ်ခဲ့တဲ့ကျေးဇူးရှိဖူးတယ်လို့ ဖေဖေမကြာခဏပြောခဲ့တာ မမှတ်လား....



ထင်ရှုံက–

'မင်းပါးစပ်ပိတ်ထားစမ်း–

ဟု ဟောက်လိုက်သည်။

ထင်ကျော်က ...

'ဖေဖေ၊ ကျွန်တော်တို့ ထင်ယန်ဂိုဏ်းကို သိုင်းလောကတစ်ခုလုံးက ကြည်ညိုလေးစားကြပါတယ်....

'ဖေဖေဟာ လူရိုသေရှင်ရိုသေ သိုင်းသမားကြီးတစ်ဦးလဲ ဖြစ်ပါတယ်၊ ဖေဖေ မြန်မြန်စဉ်းစားသင့်ပါတယ်....

'ဘာကွ....

ထင်ရှုံ ဒေါသတကြီးဖြစ်သွားပြန်လေ၏၊

ထင်ကျော်က

'ချူအိမ်တော်ဟာ အန္တရာယ်တစ်ခုခုနဲ့ ကြုံနေရပြီဆိုတာ ထင်ရှားပါတယ် သူတို့ကိုမကူညီရင်တောင်ဒုက္ခမပေးသင့်ဘူး'

'မင်းပါးစပ်ပိတ်ထားစမ်း....

ထင်ရှံသည် အော်ရင်းပါးရိုက်ချလိုက်လေသည်။

'ဖြန်း'

ကျယ်လောင်သည့်အသံ ထွက်လာသည်။

ထင်ကျော်ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ထင်ရှံကိုကြည့်၍....

'ဖေဖေ၊ကျွန်တော့်မှာအပြစ်ရှိရင် ကြိုက်သလိုအပြစ်ပေးပါ၊ချူအိမ်တော်နဲ့ပတ်သက်လို့တော့ သေသေချာချာ စဉ်းစားစေချင်ပါတယ်....

ထင်ရှံက....

'မင်းပါးစပ်ပိတ်ထားစမ်း—

ဟု သုံးကြိမ်မြောက် အော်ဟောက်လိုက်သည်။

ထင်ကျော်က....



'ဖေဖေ ထင်ယန်ဂိုဏ်းဟာ....

'ဟော့....မင်းဘာမှဆက်မပြောနဲ့တော့၊ ထင်ယန်ဂိုဏ်းရဲ့ဂုဏ်သိက္ခာကိုအသာထား၊ ချူအိမ်တော်ကလူတွေကို ငါတို့ကူညီလိုက်မယ်ဆိုတာနဲ့ ထင်ယန်ဂိုဏ်းဟာ လောကကြီးအပျောက်သွားရလိမ့်မယ်....

ထင်ကျော်က....

'မဖြစ်နိုင်တာဘဲ ဖေဖေရယ်-

ထင်ရှံက

'နေပါဦး၊ ချူအိမ်တော် ဘာတွေဖြစ်နေလဲဆိုတာရော မင်းသိလို့လား....

ထင်ကျော်က ဖခင်ဖြစ်သူကို ကြည့်လိုက်လေသည်။

ထင်ရှံက....

'ချူအိမ်တော်အကြောင်းကိုမင်းဘယ်လောက်သိလို့လဲ၊ ပြောစမ်းပါဦး....

ထင်ကျော်က....

'ဖေဖေ သူတို့ဟာ....

'သူတို့ဟာသခင်္ချာဖောက်တွေဖြစ်နေပြီ၊ သိုင်းလောကတစ်ခုလုံးကို ဒုက္ခပေးမယ့်လူတွေဖြစ်နေကြပြီ—

'ဗျာ'

ထင်ကျော် မယုံနိုင်အောင်ဖြစ်ရလေသည်။

ထင်ရုံက—

'ချူအိမ်တော်ဟာ ရွှေလက်ဝါးဂိုဏ်းရဲ့ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်၊ ရွှေလက်ဝါးဂိုဏ်း ဘယ်လိုဖြစ်ပေါ်လာတယ်ဆိုတာ မင်းလဲ ကြားဖူးမှာပါ၊ ခုတော့ ချူအိမ်တော်ဟာ ရွှေလက်ဝါးဂိုဏ်းကို သစ္စာဖောက်ပြီး—

ထင်ကျော်က မည်သို့ပြောရမှန်းမသိဖြစ်ရလေသည်။

ထင်ရုံက

'ချူအိမ်ဟာ ဖေဖေ့ အပေါ်မှာ အသက်ကယ်ခဲ့တဲ့ ကျေးဇူးရှိတာမှန်တယ်၊ ဒါပေမယ့် သူတို့ဟာ သစ္စာဖောက်



တွေဖြစ်နေပြီ၊ သိုင်းလောကအတွက် ကြောက်ဖို့ကောင်းတဲ့ လူတွေ ဖြစ်နေပြီ—

ထင်ကျော် ဘာမှ နားမလည်နိုင်ပါတော့ချေ—

ထင်ရုံက

'မင်းက လူငယ်တစ်ဦးပဲ ရှိသေးတာ၊ သိုင်းလောက အကြောင်းဘာမှနားမလည်သေးဘူး၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်နဲ့....

'မင်းဝင်ရှုပ်တာကို ဟိုလူတွေသိခဲ့ရင်မလွယ်ဘူး၊ သွား.... သွား....မင်းရဲ့အခန်းကိုပြန်၊ ဘယ်ကိုမှထွက်ဖို့ စိတ်မကူးနဲ့၊ မင်းလုပ်ပုံနဲ့ ထင်ယန်ဂိုဏ်း ပျက်စီးရလိမ့်မယ်—

ဟု အပြစ်တင်လိုက်လေသည်။

တစ်ဖန်—

'ဖုန်လူ'

ဟု ခေါ်လိုက်လေသည်။

ဒုဂိုဏ်းချုပ်ဖုန်လူကဦးညွှတ်လိုက်သည်။

'အမိန့်ရှိပါဂိုဏ်းချုပ်ကြီး....

ထင်ရှုံက

'လူ့ကိုခေါ်သွား၊ ဘယ်မှထွက်လို့မရအောင်ကြည့်ထား၊ နောက်ထပ်ပြဿနာပေါ်လာတာမလိုချင်ဘူး....

'ကောင်းပါပြီဂိုဏ်းချုပ်ကြီး....

ဒုဂိုဏ်းချုပ်ဖုန်လူက ထင်ကျိဘက်သို့လှည့်၍....

'ကျုပ်တို့ သွားကြပါစို့ သခင်လေး..

ဟု ပြောလိုက်လေသည်။

ထင်ကျိကဘာမှမပြောဘဲ ဖုန်လူနောက်သို့လိုက်ခဲ့သည်။

X X X

## ရွှေလက်ဝါးဂိုဏ်း

ထင်ကျိသည် သူ၏အခန်းထဲသို့ ပြန်လည်ရောက်ရှိသွားပြီ ဖြစ်၏၊

ဖုန်လူကိုယ်တိုင် လိုက်၍ပို့ပေးခြင်းဖြစ်လေသည်။

ဖုန်လူသည် ထင်ကျိ ဘယ်မှထွက်မသွားစေဖို့ စောင့်ကြပ်ထားရန် အစောင့်အကြပ်တို့ချထားပေးလိုက်သည်။

အစောင့်တို့က အခန်းပတ်လည်၌ နေရာယူ၍စောင့်နေကြလေသည်။

ဖုန်လူသည် ထင်ကျိကို အခန်းထဲသို့ ပို့ဆောင်ပေးပြီး နောက် ပြန်လည်ထွက်ခွာသွားခါနီးတွင် ဦးညွှတ်လိုက်သည်။

'သခင်လေး၊ ကျုပ်အပေါ် ဘယ်လိုမှသဘောမထားပါနဲ့ဗျာ၊ ကျုပ်က အမိန့်အတိုင်း ဆောင်ရွက်ရတာပါ....

ဟု တောင်းပန်လိုက်လေသည်။

ထင်ကျော်က....

'ကိစ္စမရှိပါဘူး ဦးလေးဖုန်ရယ်၊ ကျွန်တော် ဘဝင်မကျတာက ချူအိမ်ကသခင်ကြီးဟာ တစ်ချိန်ကဖေဖေရဲ့အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးရှိတာ လူတော်တော်များများသိကြပါတယ်၊ သူတို့မှာ အခက်အခဲရှိတော့ ကျွန်တော်တို့က မကူညီတဲ့အပြင် ဒုက္ခပေးခဲ့တာ ဘယ်နည်းနဲ့မှ သဘာဝမကျလှိုပါ'

ဟု စိတ်မကောင်းသောလေသံဖြင့် ပြောလေ၏။

ဖုန်လူ သက်ပြင်းချလိုက်၏။

'ချူအိမ်တော် အပေါ်မှာ ကျေးဇူးဘင်ရမယ်ဆိုတာ ဂိုဏ်းချုပ်ကြီးနားလည်ပါတယ်၊ ဒါပေမယ့် သိုင်းလောကတစ်ခုလုံး ပျက်စီးသွားမယ့်အရေးနဲ့ ပတ်သက်ပြီး ချူသခင်မလေးကိုဖမ်းဖို့ ကြိုးစားခဲ့ရတာပါပဲ၊ ဂိုဏ်းချုပ်ကြီးဟာ



ချူသခင်ရဲ့ကျေးဇူးအား အသက်နဲ့လဲပြီးဆပ်ပါ့မယ်၊ ဒါပေမယ့် သိုင်းလောကတစ်ခုအတွက်တော့ သူတို့ကို ဟန့်တားရပါလိမ့်မယ်'

ထင်ကျော်က

'ဒါဆိုရင်လဲ လူတို့ ထင်ယာန်ဂိုဏ်းကို ရောက်လာတည်းက တစ်ခါတည်း ဖမ်းထားလိုက်လို့မဖြစ်ဘူးလား'

ဖုန်လူက
'မဖြစ်ဘူး'
'ဘာကြောင့်လဲ'

'ချူအိမ်တော်က သခင်မလေးကို ထင်ယန်ဂိုဏ်းက ဖမ်းလိုက်တယ်လို့ သိုင်းလောကမှာ သတင်းတွေထွက်ပေါ်လာရင် ဆိုလောသိုလော တွေးစရာဖြစ်လာမယ်၊ စေဒတာတင်စရာတွေဖြစ်လာပြီး အခြေအနေ ရှုပ်တွေးသွားနိုင်တယ်လို့ ဂိုဏ်းချုပ်က ပြောပါတယ်'

ထင်ကျော်က
'ဒါတကယ်ပဲလား'

'ကျုပ် လိမ်မပြောပါဘူးသခင်လေး'

ထင်ကျော်သည် သက်ပြင်းချလိုက်၏။

'အဖေ့စကားတွေက ရှေ့နောက်မညီဘဲ လွဲချော်နေတယ်၊ သံသယဖြစ်စရာ အကြောင်းတစ်ခုခုတော့ရှိနေပြီ'

ဟု စိတ်ထဲတွေးလိုက်၏။

သို့သော် ဖိုန်လူအား ပြောမပြဘဲ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'ဒါထက် ချူအာမ်တော်ကလူတွေ ရောက်မလာခင် တင်ယန်ဂိုဏ်းကို ရောက်လာတာဘယ်သူတွေလဲ'

ဟု မေးလိုက်၏။

ဖိုန်လူက

'အထူးသည့်သည်တော် တစ်ယောက်ပါ၊ ခေါ်ခြင်းက လူတစ်ယောက်ပါ'

'ခေါ်ခြင်း'

'ဟုတ်တယ်'

ထင်ကျော် အံ့သြသွား၏။



'ခေါ်ခြင်းဆိုတာ ရွှေလက်ဝါးဂိုဏ်းရဲ့ အစိတ်အပိုင်း တစ်ခုပဲမဟုတ်လား'

ဟု မေးလိုက်၏။

ဖိုန်လူ မျက်နှာပျက်သွား၏။

သူက လွှတ်ခနဲပြောပြီးမှ မှားသွားပြီဖြစ်ကြောင်း သတိပြုမိ၏။

သူက

'ရွှေလက်ဝါးဂိုဏ်းရဲ့ မဏ္ဍိုင်ဖြစ်တဲ့ သိုင်းအဖွဲ့အစည်း ငါးခုထဲက ချူအာမ်တော်ကလူတွေဆိုတော့ ဖေဖေက လက်မခံဘူး၊ ခေါ်ခြင်းကလူကိုတော့ အထူးသည့်သည်တစ်ဦး အဖြစ် လက်ခံကြိုဆိုခဲ့တယ်၊ ဘယ်လိုဖြစ်ကုန်ပြီလဲ'

ဟု ပြောလိုက်၏။

ဖိုန်လူက

'သခင်လေး၊ သိုင်းလောကရဲ့ တချို့ကိစ္စတွေဟာ ရှုပ်ထွေး နက်နဲပါတယ်၊ အန္တရာယ်လည်းများပါတယ်၊ ဒါကြောင့် အေး အေးဆေးဆေးနေတာ ကောင်းပါတယ်'

ထင်ကျော်က

'ဦးလေးဖုန်က ကျွန်တော့်ကို ခြိမ်းခြောက်တာလား'

ဟု မေးလိုက်၏။

ဖုန်လူ ချက်ချင်း လက်ကာပြလိုက်၏။

'ကျုပ်…ကျုပ်က ဒီလိုသဘောမျိုးမရောက်ပါဘူး သခင်လေးရယ် ဂိုဏ်းချုပ်နဲ့ ထင်ယန်ဂိုဏ်းအတွက် ပြောတာပါ'

ထင်ကျိသည် သိလိုစိတ်များနေသော်လည်း မမေးတော့ပါချေ။

'ကောင်းပြီလေ၊ ထင်ယန်ဂိုဏ်းရဲ့ အကျိုးအတွက်ဆိုရင် ကျွန်တော်ဘာပြောရမှာလဲ၊ ကျွန်တော် ဘာမှမရှုပ်တော့ပါဘူး၊ အဖေစိတ်ချမ်းသာအောင် အေးအေးဆေးဆေးပဲ နေပါတော့မယ်'

ဟု ပြောလိုက်၏။

ဖုန်လူသည် ထင်ကျိ၏စကားကို ကြားရသောအခါ ဝမ်းသာသွားသည်။

'သခင်လေးဟာ တစ်နေ့ကျရင် ထင်ယန်ဂိုဏ်းကို ဦးဆောင်ရမည့်လူပါ၊ သခင်လေးမှာ ဝေဖန်ပိုင်းခြားတတ်ပြီး



ထင်ယန်ဂိုဏ်းရဲ့အကျိုးကို ကြည့်တတ်တဲ့စိတ်ရှိနေတာ ဝမ်းသာပါတယ်၊ ကျုပ်ကိုခွင့်ပြုပါဦးဗျာ'

'ကောင်းပါပြီဗျာ ကောင်းပါပြီ'.

ဖုန်လူသည် ထင်ကျိအား နှုတ်ဆက်ထွက်သွား၏။

အခန်းတံခါးအား အပြင်မှပိတ်လိုက်၏။

မိမိသည် အကျယ်ချုပ်ကျခံရပြီဟု သူ နားလည်လိုက်၏။

သို့သော်

အေးအေးဆေးဆေးပင် ထိုင်ခုံတစ်လုံး၌ သွားထိုင်ကာ အနားယူလိုက်၏။

x x x

ည။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးသွားပြီဖြစ်၏။ ကောင်းကင်တွင် လဝန်းနှင့်ကြယ်ကလေးများ ရှိနေ၏။

သာယာလှပသော ညတစ်ညဖြစ်၏။

ညအချိန်ရောက်ပြီမို့ ထင်ယန်ဂိုဏ်းတွင် မီးများ ထွန်းညှိထားပြီဖြစ်သည်။

မီးရောင်ဖြင့် ထင်ယန်ဂိုဏ်း၏ ခန်းနားထည်ဝါမှု ပေါ်လွင်နေတော့၏။

သူသည် အခန်းတွင်းရှိနေဆဲ။

ဖခင်တင်ရုံနှင့် ဒုဂိုဏ်းချုပ်ဗုန်လူတို့က သူ့အတွက် လိုလေသေးမရှိအောင် လုပ်ပေးကြ၏။

သို့သော်

အခန်းတွင်းမှ ထွက်ခွင့်မပြုချေ။

သူသည် သခင်လေးတစ်ယောက်ဖြစ်သော်လည်း ချုပ်မှုကို ကျူးလွန်ခဲ့ခြင်းကြောင့် အကျဉ်းချခံရသလို ရှိနေ၏။

သူသည် မည်သို့မျှသဘောမထားဘဲ အေးအေး ဆေးဆေးရှိနေ၏။



အခန်းထဲ၌ ပိတ်လှောင်ခံရသည်ကို မကျေမနပ်ဖြစ်ပုံမပြ။

သူက ချုပ်မှုလွတ်မြောက်အောင် ကူညီခဲ့မှုကြောင့် ကျေနပ်စွာ အပြစ်ခံယူနေခြင်းဖြစ်သည်ဟု အားလုံးက ယုံကြည်ကြလေသည်။

အမှန်တော့

အစောင့်များ အေးအေးဆေးဆေးဖြစ်သွားအောင် သူက ဟန်ဆောင်နေခြင်းဖြစ်၏။

အစောင့်တို့သည် အခန်းအပြင်ဘက် လေးဘက်လေးတန်မှ စောင့်ကြပ်နေကြသလို အချို့က တိတ်ဆိတ် မြောင်းမြောင်း ကြည့်ရှုကြ၏။

သူ့အတွက် အလွန်အာနေကြပ်သည့်အဖြစ်မျိုး ဖြစ်ပေ၏။

မည်သို့ဆိုစေ

သူသည် အေးဆေးစွာပင်ရှိနေ၏။

အကယ်၍

သူ၏အတွေးကိုသာ သိနိုင်ကြမည်ဆိုလျှင်....

သူ ယနေ့ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တို့ကို အပြန်ပြ
အလှန်လှန် တွေးတောနေ၏။

'ချူအိမ်တော်ဟာ အဖေရဲ့အသက်ကို တစ်ချိန်က က
ခဲ့ဖူးတဲ့ကျေးဇူးရှိတယ်၊ သူတို့ ထင်ယန့်ဂိုဏ်းကိုရောက်လ
တာ အကူအညီတောင်းဖို့ပဲ၊ ချူအိမ်တော်မှာ ဒုက္ခရော
နေလို့ပဲဖြစ်ရမယ်'

ဧရနစ်သူသည် ကောက်ရိုးတမျှင်ကိုပင် အားကိုးတကြီ
ဆွဲယူတတ်သည်မဟုတ်ပါလော။

ချူအိမ်တော်သည် ဒုက္ခကြုံတွေ့နေရသဖြင့် တချိန်
ကျေးဇူးရှိဖူးသည့် ထင်ယန့်ဂိုဏ်း၏ အကူအညီရလိုရငြာ
လာရောက်ခြင်းဖြစ်ကြောင်း ထင်ရှား၏။

ချူအိမ်တော်သည် မည်သို့သော အခက်အခဲဒုက္ခနှင့် ကြ
တွေ့နေရပါသလော။

ချူမှုသည် မည်သို့ကူညီမှု တောင်းလိုပါသနည်း။

သူက



'ချူအိမ်တော်က လူတွေထက် ခေါင်းခြုံဝင်းကလူတစ်ဦး
ရောက်လာတာ၊ အဖေက ခေါင်းခြုံဝင်းကလူကိုတော့ လိုလို
လားလားဧည့်ခံတယ်၊ ကျေးဇူးရှိတဲ့ ချူအိမ်တော်က သခင်
မကိုတော့ ရန်သူလိုဆက်ဆံတယ်'

ဟူ၍ တွေးရင်း တင်စုံတစ်ခုမှားနေပြီဟူသော အတွေးက
ပို၍ခိုင်မာလာ၏။

ထင်ရှိသည့် ခေါင်းခြုံဝင်းမှလူကိုသာမက ချူသခင်မကိုပါ
ဧည့်ဝတ်ကျေပွန်ရမည်မဟုတ်လော။

တဖန်

ဒုဂိုဏ်းချုပ်ဖုန့်လူတို့အား ရှပ်ဖျက်ကာ လူလွှတ်၍ ချူ
သခင်မကို ဖမ်းခိုင်း၏။

ထင်ရှိ၏လုပ်ရပ်မှာ အဓိပ္ပာယ်မဲ့နေ၏။

သူသည် အမျိုးမျိုးတွေး၍ကောက်ချက်တစ်ခုချနိုင်ခဲ့၏၊

'အဖေဟာ သိုင်းသမားကောင်းတစ်ယောက် ဖြစ်တယ်၊
ကျေးဇူးသိတတ်တဲ့ လူတစ်ယောက်လဲဖြစ်တယ်၊ ချူသခင်မ

မှာ အခက်အခဲရှိရင် ဘယ်နည်းနဲ့မဆို ကူညီဖို့ကြိုးစားမှာပဲ၊ သခင်မကို မကူညီတဲ့အပြင် ဖမ်းဖို့ကြိုးစားခဲ့တာဟာ ချူအိမ်တော်မှာ အပြစ်တစ်ခုခု ရှိနေလို့ပဲဖြစ်မယ်'

ဖခင်ဖြစ်သူသည် ကိုယ်ရေးကိုယ်တာထက် အများအရေး သိုင်းလောကအရေးကို ပို၍အရေးထားသူဖြစ်ကြောင်း သူ နားလည်သည်။

ထင်ယန်အဖွဲ့သည် အများအကျိုး သိုင်းလောကအကျိုး အတွက် အသက်စွန့်ဆောင်ရွက်ရမည့်ဖြစ်ကြောင်း မကြာခဏ မိန့်ကြားခဲ့သည်မဟုတ်ပါလော။

ချူအိမ်တော်သည် မည်သို့သော မကောင်းမှုမျိုး လုပ်ခဲ့ပါသနည်း။

အသက်ကယ်သည့်ကျေးဇူးကိုပင် ဖခင်က မထောက်နိုင်အောင် ဖြစ်ရသည်မှာ သူတို့ကျူးလွန်ခဲ့သည့်အမှားသည် မည်သို့မျှ လက်မခံနိုင်စရာမရှိခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

တဖန်

'ခေါင်းခြံဝင်းကလူတစ်ယောက် ရောက်လာတယ်၊ သူနဲ့ ချူအိမ်တော်သခင်မကို တွေ့ပေးသင့်တာပေါ့၊ ချူအိမ်တော်နဲ့ ခေါင်းခြံဝင်းတို့ဟာ ရွှေလက်ဝါးအဖွဲ့ရဲ့ အစိတ်အပိုင်းတွေပဲ၊ တကယ်လို့ ချူအိမ်တော်ဒုက္ခရောက်နေပြီဆိုရင် ခေါင်းခြံဝင်းကိုသွားပြီး အကူအညီတောင်းရမှာဖြစ်တယ်၊ သူတို့ကလဲ ကူညီကြမှာပဲ၊ ခေါင်းခြံဝင်းဟာ ငါတို့ထင်ယန်အဖွဲ့ထက် ပိုပြီးကျော်ကြားတာပဲ'

ဟု တွေးမိပြန်သည်။

သူသည် အတွေးများဖြင့် ချာချာလည်သွား၍ စိတ်ရှုပ်လာတော့၏။

စားပွဲပေါ်၌ အသင့်ရှိနေသော အရက်အိုးထဲမှ အရက်တစ်ခွက်ထည့်သောက်လိုက်၏။

ထို့နောက် ဘာမှမစဉ်းစားဘဲ နေလိုက်သည်။

မည်သို့ဆိုစေ။

အတွေးစများကား သူ၏ခေါင်းထဲ အတင်းတိုးဝင်လာပါတော့သည်။

သူသည် ထင်ယန်ဂိုဏ်း၏ သခင်လေးတစ်ယောက်ဖြစ်သည်နှင့်အညီ သိုင်းလောကအကြောင်းကို လေ့လာသိရှိထား၏။

တစ်ချိန်တွင် ထင်ယန်ဂိုဏ်း၏ ဂိုဏ်းချုပ်နေရာကို လက်ခံရမည်မို့ သိုင်းပညာကို လေ့ကျင့်ထားသည့်အပြင် သိုင်းလောကအကြောင်းကိုပါ လေ့လာထားခြင်းဖြစ်၏။

ရွှေလက်ဝါးအဖွဲ့

ရွှေလက်ဝါးအဖွဲ့သည် သိုင်းလောက၌ ထင်ရှားသော အဖွဲ့တစ်ခုဖြစ်သည်။

သိုင်းလောကသားတိုင်းက ရွှေလက်ဝါးအဖွဲ့ ဟူသော အမည်ကြားသည်နှင့် ကြည်ညိုလေးစားသွားကြစမြဲဖြစ်၏၊

ရွှေလက်ဝါးအဖွဲ့ကို ဦးစီးပေးကြသည် ရှိသေလေးစားစွာ ဆက်ဆံသည်။

လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားသည့် ရွှေလက်ဝါးဂိုဏ်းမှာ အခြားသောဂိုဏ်းသို့နှင့်မတူသည့် ထူးခြားမှုတစ်ခုရှိလေသည်။

ထိုထူးခြားမှုမှာ ရွှေလက်ဝါးအဖွဲ့ဟူ၍ အမည်ရှိသော်လည်း ဂိုဏ်းအဖွဲ့အစည်းတစ်ခုအဖြစ် သတ်သတ်မှတ်မှတ်ရှိနေခြင်းမျိုး မဟုတ်ပေ။



တောင်ခြိမ့်ဝင်း၊ ချူအိမ်တော်၊ ပန်းတောင်ကုန်း၊ ကျိုက်ဂေဟာနှင့်စမ်းချောင်းရွာဟူသည့်နေရာဌာန ၅ ခုဖြစ်ပြီး စုပေါင်းဖွဲ့စည်းထားခြင်း ဖြစ်ပေသည်။

လက်ဝါးတစ်ဖက်၌ လက်ချောင်း ၅ ချောင်းရှိမှ အင်္ဂါပြည့်စုံသကဲ့သို့ ရွှေလက်ဝါး အဖွဲ့သည်လည်း လက်ချောင်းတို့နှင့်တူသည့်ဌာန ၅ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်လေသည်။

ထိုနေရာဌာန ၅ ခုအနက် တစ်ခုခုကသော် ပါဝင် ပတ်သက်လိုခြင်းမရှိတော့ဟုဆိုလျှင် ရွှေလက်ဝါးအဖွဲ့ ဟူသည် အလိုလို ပြိုကွဲသိမ့်မည်ဖြစ်သည်။

ရွှေလက်ဝါးအဖွဲ့ဟူသည့် အမည် ကွယ်ပျောက်၍ တောခြိမ့်ဝင်း၊ ပန်းတောင်ကုန်း စသည် စသည်ဖြင့် သီးခြားစီ ဖြစ်ပေါ်လာပေလိမ့်မည်၊

တောခြိမ့်ဝင်းနှင့် ချူအိမ်သည် ခွဲခြားမရသည့် နေရာဌာနတို့ဖြစ်ပေသည်။

ထိုအချက်ကို ဖခင် ထင်ရှီအာ သိလိမ့်မည်ဖြစ်ပေသည်။

သို့ပါလျက်....

မောင်းခြံဝင်းမှလူနှင့် ချူအိမ်မှ သခင်မလေးကို အဘယ်ကြောင့် တွေ့ဆုံမပေးခဲ့ရပါသနည်း။

ခွဲခြားဆက်ဆံခဲ့ရပါသနည်း။

ထင်ကျော်သည် အဖြေမှန်ကို အနီးစပ်ဆုံး တွေးလာမိလေတော့သည်။

'ဖေဖေဟာ အမှန်တရားနဲ့ ကျေးဇူးတရားကို မျက်ကွယ်ပြုခဲ့တာသေချာနေပြီ သူ ဘာလို့ဒီလိုလုပ်ရတာလည်း....

ထင်ကျော် မကျေမနပ်ဖြစ်လာသည်။

'ဖေဖေဟာ တစ်စုံတစ်ဦးရဲ့ အကျပ်ကိုင်ခြိမ်းခြောက်မှုကို ခံရလို့ပဲဖြစ်မယ်၊ဖေဖေ့ကို အကျပ်ကိုင်တဲ့လူဟာ မောင်းခြံအပဲဖြစ်မယ်'

ရွှေလက်ဝါးအဖွဲ့၌ ပါဝင်ကြသည့် နေရာဌာနကြီး ၅ ခုသည် အချင်းချင်း မသင့်မြတ်တော့ဘဲ ပြဿနာ တစ်စုံတစ်ခု ဖြစ်ပေါ်နေပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ထို့အပြင်



မောင်းခြံဝင်းသည် အပေါ်စီးရပြီး ချူအိမ်တော်မှာ ဒုက္ခရောက်နေကြောင်းလည်း ဆင်ခြင်မိလိုက်၏။

ထင်ကျော်မှာ မတရားမှုကို မုန်းတီးသူဖြစ်သည်။

ထို့ကြောင့်

ငါ ဘာလုပ်ရမှာလဲ'

ချူအိမ်တော်မှလူများအား ကူညီလိုစိတ်များဖြစ်လာ၏။

'အဖေဟာ မောင်းခြံဝင်းဘက်က ရပ်တည်ခဲ့တယ်၊ ငါက ချူအိမ်တော်ဘက်ကရပ်တည်လိုက်မယ်၊ ဒါဆိုရင် ညီမျှသွားမယ်၊ ထင်ယန်ဂိုဏ်းကို တစ်ဖက်သတ်အပြစ်ပြောလို့ မရတော့ဘူး၊ ထောက်ထားစရာတွေရှိလာလိမ့်မယ်'

ထင်ကျော်သည် သခင်မလေးချူမုအား ကူညီရန် ဆုံးဖြတ်လိုက်၏။

ဟန်မပျက် ထိုင်ရာမှထလိုက်၏။

ခြေလက်များဆန့်တန်းကာ ဝါးခနဲသမ်းဝေလိုက်သည်။

ထို့နောက်

'စောစောအိပ်တာပဲ ကောင်းတယ်'

ဟု အသံကျယ်ကျယ်ဖြင့် ရေရွတ်လိုက်သည်။

အပြင်ဘက်မှ အစောင့်အကြပ်များက သူ အိပ်ရာဝင်တော့မည်ဖြစ်ကြောင်း ယုံကြည်သွားကြမည်သာ ဖြစ်သည်။

ထင်ကျိက စားပွဲပေါ်မှ မီးအိမ်ကိုမှုတ်လိုက်၏။

မီးစာသည် ဟုပ်ခနဲငြိမ်းသွား၏။

အခန်းထဲ၌ မှောင်အတိကျသွား၏။

ထင်ကျိက အိပ်ရာထဲသို့ သွားရောက်လဲလျောင်းလိုက်ခြင်း မရှိပါချေ။

ကိုယ်ဖော့ကာ ခေါင်မိုးထုပ်တန်းပေါ် ခုန်တက်လိုက်၏။

တစ်ဖန် ခေါင်မိုးကိုဖောက်၍ အပြင်ဘက်ထွက်လိုက်၏၊

အမှောင်ထုအား အကာအကွယ်ယူ၍ ထင်ယန်ဂိုဏ်းမှ ထွက်သွား၏။

* * *

## ရထက်မီး ဝေဖြာလာသောအခါ

'ဂျိမ်း'

မိုးချုန်းသံ ကျယ်လောင်စွာထွက်ပေါ်လာ၏။

ကောင်းကင်တွင် လျှပ်နွယ်လျှပ်ပန်းများ ဝင်းလက်သွားသည်။

လေပြင်းများလည်း တဟူးဟူးမြည်ကာ တိုက်ခတ်လာ၏။

အေးစိမ့်မှုသည် ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားပြီ ဖြစ်သည်။

မကြာမီ မိုးသက်လေပြင်း ကျလာတော့၏။

သူမသည် ကောင်ကင်သို့ မော့ကြည့်ပြီး စိတ်ပျက်စွာ ညည်းညူမိလေသည်။

'ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ ဒါမျိုးပဲ့လား'

သူမသည် ညည်းတွားနေသော အိမ်ထိန်းကြီးအား လှည့်ကြည့်လိုက်သည်။

သူတို့သည် ပြေးရင်းလွှားရင်း ရန်သူ၏လက်မှ လွတ်လာခဲ့ကြပြီး ဘုံကျောင်းပျက်တစ်ခုသို့ ရောက်လာသောအခါ အိမ်ထိန်းကြီးက မည်သို့မျှမဟန်နိုင်တော့သဖြင့် အနားယူလိုက်ကြခြင်းဖြစ်သည်။

အိမ်ထိန်းကြီးသည် ဘုံကျောင်းပျက်နံရံအားမှီကာ ထိုင်ရင်း ညည်းတွားနေ၏။

ထင်ယန်ဂိုဏ်းမှ ဒုဂိုဏ်းချုပ်ဖုန်လူ၏ လက်ချက်ကြောင့် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

သူက သခင်မလေးအတွက် စိုးရိမ်နေခြင်းကြောင့်လည်း အငိုက်မိသွားခြင်းဖြစ်၏။



သူမသည် အိမ်ထိန်းကြီးအနီးသို့ ချဉ်းကပ်သွားလိုက်ပြီး ဖေးမပြုစုလိုက်သည်။

'အိမ်ထိန်းကြီး ဘာမှမစိုးရိမ်နဲ့၊ သမားတော်တစ်ဦးကို ကျွန်မ ရအောင်ရှာပေးမယ်'

ဟု အားပေးစကားပြောလိုက်၏။

အိမ်ထိန်းကြီး မျက်လုံးဖွင့်ကြည့်လာသည်။

'ကျုပ်ရဲ့ အတွင်းဒဏ်ရာက ဒီလောက်မဟုတ်ပါဘူး၊ ကျုပ်က အဆိပ်မိထားတယ်ထင်တယ်'

'အဆိပ်'

'ဟုတ်တယ်'

'အိမ်ထိန်းကြီး ဘယ်လိုဖြစ်ရတာလဲ'

သူမ မယုံနိုင်အောင်ဖြစ်သွားသည်။

'အိမ်ထိန်းကြီး ဘယ်လိုလုပ်ပြီး အဆိပ်မိခဲ့တာလဲ'

အိမ်ထိန်းကြီး ပင့်သက်ရှိုက်လိုက်သည်။

'ကျုပ်က ချူအိမ်တော်ကထွက်လာရင် လမ်းခရီးမှာ ရန်သူတွေနဲ့ အကြိမ်ကြိမ် ရင်ဆိုင်တိုက်ခိုက်ခဲ့ရတာပဲ မဟုတ်

လာ။ ဒီလိုနဲ့ ဘိုက်ပွဲတစ်ပွဲမှာ မမျှော်လင့်ဘဲ အဆိပ်အပ်တစ်ချောင်းထိခဲ့တာ၊ ကျုပ်က သခင်မလေးကို ကာကွယ်စောင့်ရှောက်ပြီး လိုရာခရီးရောက်အောင် ပို့ပေးချင်တာနဲ့ အားတင်းခဲ့တာပါ၊ ခုတော့'

သူမ၏မျက်စန်းအစုံ၌ မျက်ရည်တို့ ရစ်ဝဲလာ၏။

အိမ်ထိန်းကြီးက

'ကျုပ်က ထင်ယန်ဂိုဏ်းက သစ္စာဖောက်တွေနဲ့ တိုက်ခိုက်ရတဲ့အခါ အတင်းအားကို ထုတ်ဖော်အသုံးပြုခဲ့တယ်၊ ဒါကြောင့် ကျုပ်ရဲ့ခန္ဓာကိုယ်ထဲက အဆိပ်တွေ ထကြွလာခဲ့တာပဲ ကျုပ်ကိုထားခဲ့ပြီး သခင်မလေး ထွက်သွားပါတော့'

ထူ ပြောလာသည်။

သူမ ခေါင်းခါလိုက်သည်။

'မဖြစ်ဘူး၊ အိမ်ထိန်းကြီးကို ကျွန်မ မထားခဲ့နိုင်ဘူး'

'သခင်မလေး၊ ထင်ယန်ဂိုဏ်းရဲ့အကူအညီကို မရနိုင်တဲ့အပြင် သစ္စာဖောက်တာတောင် ခံခဲ့ရပါပြီ၊ ဒါကြောင့် သခင်ကြီးကိုကယ်တင်ဖို့ ကဗျာဆရာကို တွေ့အောင်ရှာနိုင်မှ



ဖြစ်ပါလိမ့်မယ်၊ သခင်မလေး ထိုက်ကျိုမြို့ကို ရောက်အောင်သွားပါ၊ ကုစင်ဆိုတဲ့လူကို တွေ့အောင်ရှာပါ၊ ကဗျာဆရာ ဘယ်မှာရှိတယ်ဆိုတာကို သူက ပြောပြနိုင်ပါလိမ့်မယ်'

သူမက

'ကျွန်မတို့ အတူတူသွားကြတာပေါ့'

အိမ်ထိန်းကြီးက

'ကျုပ်ကိုထားခဲ့ပါတော့' ကျုပ်တာ သခင်မလေးကို အကူအညီပေးနိုင်မှာ မဟုတ်တဲ့အပြင် ဒုက္ခပေးရာ ကျနေပါလိမ့်မယ်'

'အို-ဗီလိုဘယ်ဟုတ်မလဲ၊ အိမ်းထိန်းကြီးတို့သာ ကျွန်မကို မကာကွယ်ခဲ့ကြဘူးဆိုရင် ကျွန်မ သေသွားတာကြာပြီပေါ့၊ အိမ်ထိန်းကြီးကို ဆေးခန်းတော်ဆီပို့ပေးမယ်၊ ပြီးရင် ကဗျာဆရာကို အတူတူလိုက်ရှာကြတာပေါ့'

အိမ်ထိန်းကြီးက ချစ်ခင်မှုအား ရိဝေသောမျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

'ချုအိမ်တော်ဟာ မတရားမှုခံခဲ့ရပါတယ်၊ သခင်ကြီးရဲ့ အသက်ကို ကယ်တင်နိုင်ဖို့အရေးကြီးလှပါတယ်၊ ဒီကိစ္စကို စွမ်းဆောင်ဖို့ သခင်မလေးဦးစားပေးပြီး ကြိုးစားရမှာပါ၊ ကျုပ်ကိုထားခဲ့ပါတော့'

ထိုစဉ်

'မင်းတို့နှစ်ယောက်လုံး ထွက်သွားလို့မရတော့ဘူး'

အေးတိအေးစက် စကားသံတစ်ချက် ထွက်လာသည်ကို ကြားလိုက်ရလေသည်။

အိမ်ထိန်းကြီးနှင့်သူမတို့ လှမ်းကြည့်လိုက်ကြသောအခါ ဘုံကျောင်းပျက်ထဲသို့ ဝင်လာသူအား တွေ့လိုက်ရ၏။

ရန်သူများသည် သူမတို့နောက်သို့ သဲကြီးမဲကြီး လိုက်လာနေကြပြီဖြစ်သည်။

x x x



အခန်းထဲ၌ မီးရောင်ဖြာကျနေ၏။

ညဉ့်နက်ပြီဖြစ်သော်လည်း ထင်ယန်ဂိုဏ်းချုပ်ထင်ရှံ အိပ်ပျော်ခြင်းမပြုနိုင်ပါသေးချေ။

မမျှော်လင့်သော စိတ်အနှောက်အယှက်ဖြစ်စရာကိစ္စများနှင့် ကြုံတွေ့ခဲ့ရသဖြင့် အိပ်၍မရအောင်ပင် စိတ်ရှုပ်နေ၏။

ထင်ရှံက ရေနွေးကြမ်းတစ်ခွက် သောက်လိုက်၏၊

တစ်ဖန် ထိုင်ရာမှထကာ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်၏။

သူ၏မျက်နှာတည်နေ၍ တစ်စုံတစ်ခုအား လေးလေးနက်နက် တွေးတောနေဟန်ရှိသည်။

ထိုစဉ်

'ခေါက်....ခေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ထင်ရှံ ခြေလှမ်းရပ်သွား၏။

ညအချိန်မတော် တံခါးလာခေါက်သဖြင့် အရေးကြီး ကိစ္စတစ်ခုရှိနေပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထို့ကြောင့်
'ဘယ်သူလဲ'
ဟု ချက်ချင်းမေးလိုက်၏။

အပြင်ဘက်မှ

'ကျုပ် ဖုန်လူပါသခင်ကြီး'

ထင်ရှုံအား ဖုန်လူဟု တီးတိုးရေရွတ်၏။

ချက်ချင်းပင် တံခါးဖွင့်ပေးလိုက်သည်။

ဖုန်လူသည် အခန်းထဲသို့ ဝင်လာပါသည်။

ဖုန်လူ အငူအရာပျက်နေသည်ကို ထင်ရှုံ သတိပြုမိလို သဖြင့်–

'ဖုန်လူ ဘာအရေးကြီးလာတာလဲ'

ဟု မေးလိုက်သည်။



ဖုန်လူက ဦးညွတ်ပြီး

'ဂိုဏ်းချုပ်ကြီး အပြစ်ပေးရင်လဲ ခံရမှာဖြစ်ပါတယ်၊ ခင်လေးဟာ သေသေချာချာ စောင့်ကြပ်နေတဲ့ကြားထဲက က်ပြေးသွားပါပြီ'

ဟု ပြောလိုက်လေသည်။

ထင်ရှုံ အံ့ဩသွားသည်။

'ဘာပြောတယ်၊ ထင်ကျိထွက်ပြေးသွားတယ် ဟုတ်လား'
'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သခင်လေးဟာ သူ့ရဲ ခန်းပတ်ပတ်လည်မှာ အစောင့်တွေချထားတာသိသွို့ အား ံးရဲ့အလစ်မှာ ခေါင်မိုးဖောက်ပြီး ထွက်ပြေးသွားတယ်'

ဖုန်လူသည် စကားဆုံးသည်နှင့် ခေါင်းငုံ့ထားလိုက်၏။

ထင်ကျိအား သေသေချာချာ စောင့်ကြည့်ရမည်ဟု ထင်ရှုံ ခွဲန့်ပေးထားပါလျက် ထင်ကျိ ထွက်ပြေးသွားပြီ မဟုတ် ား။

ထင်ရှံမျက်နှာ နီမြန်းသွားသည်။

'သေသေချာချာ ကြည့်ထားပါဆိုမှ သူ ထွက်ပြေးသ
တာတောင် မသိလိုက်ဘူးလား'

ဖိုးနီလူက

'ကျုပ်—ကျုပ်မှာ အပြစ်ရှိပါတယ်၊ အပြစ်ပေးပါ'

သူက ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။

ထင်ရှံ စိတ်ဆိုးမာန်ဆိုးဖြစ်နေသည်။

'အေး...မင်းကို ထိုက်ထိုက်တန်တန် အပြစ်ပေးရမ
တာဝန်စတ္တရားကိုပေါ့လျော့ရင် ဘယ်လိုအပြစ်ဒဏ် ခံရ
ဆိုတာ ထင်ယန်တစ်ဂိုဏ်းလုံးသိသွားပြီး စံနမူနာယူစေရမ

ဖိုးနီလူ ခေါင်းငိုက်စိုက်ချလိုက်သည်။

ထင်ရှံ ဂနာမငြိမ်ဖြစ်နေသည်။



ဖိုးနီလူအား ဂရုမစိုက်တော့ဘဲ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ဖိုးနီလူက ကျောက်ရုပ်ပမာငြိမ်နေသည်။

ထင်ရှံသည် စားပွဲဆီလျှောက်လာပြီး အရက်တစ်ခွက် သောက်လိုက်သည်။

တဖန် ထိုင်ခုံ၌ထိုင်ကာ တစ်စုံတစ်ခုကို ရေရွတ်နေသည်။

သူ၏အသွင်သည် ဒေါသထွက်နေရာမှ တဖြည်းဖြည်း ငြိမ်ကျလာသည်။

တအောင့်ကြာလျှင် ထင်ရှံသည် တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။

မလှုပ်မယှက်ဖြစ်နေသည့် ဖိုးနီလူအား စိုက်ကြည့်ပြီး—

'ထင်ကျိ ထွက်ပြေးသွားတယ်ဆိုတာလား'

ဟု မေးလိုက်သည်။

ဖုန်လူ ဦးညွတ်လိုက်သည်။

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး'

'ကောင်းတယ်'

'ဗျာ'

ထင်ရှုံ၏စကားကြောင့် ဖုန်လူ ကြောင်အမ်းအမ်း ဖြစ်သွား၏၊

ထင်ရှုံကိုလည်း ချက်ချင်းမော့ကြည့်လိုက်သည်။

ထိုအခါ

ထင်ရှုံက ပြုံးနေသည်ကို တွေ့မြင်လိုက်ရသဖြင့် တအံ့တသြ ဖြစ်သွားလေသည်။

ထင်ရှုံက

'ကောင်းတယ်၊ သူဟာ အမှားအမှန်ကို ခွဲခြားတတ်တာ ကျုပ် သဘောကျတယ်'

'ဂိုဏ်းချုပ်ကြီး'



ဖုန်လူ လွတ်ခနဲခေါ်လိုက်သည်။

ထင်ရှုံ လက်ကာပြသည်။

'သူဟာ မှန်တယ်ထင်တဲ့ဘက်က ရဲရဲဝံ့ဝံ့ရပ်တည်ဝံ့တာ ချီးကျူးစရာပဲ အကယ်တော့ သူ့ရဲ့လုပ်ရပ် မှန်နေတာပဲ'

ဖုန်လူသည် ထင်ရှုံအား နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

ထင်ရှုံက

'ချူအိမ်တော်သခင်ကြီးဟာ တစ်ချိန်က ကျုပ်အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးရှိတယ်၊ ဒါကို ထင်ကျုံသိထားလို့ ကျုပ်အနေနဲ့ ကျေးဇူးမဆပ်ရင်တောင် ကျေးဇူးမကန်းသင့်ဘူးလို့ သူ ယူဆထားတာမှန်တယ်၊ ကျုပ်ကိုယ်တိုင်လဲ ကျေးဇူးကန်းတဲ့လူ မဖြစ်ချင်ပါဘူး၊ ဒါပေမယ့် အခြေအနေတစ်ရပ်က ကျုပ်ကို မလုပ်ချင်တာ လုပ်ဖြစ်အောင် တွန်းပို့ခဲ့တာပဲ'

ဖုန်လူက

'ခါးခြံပင်းကာရောက်လာတဲ့ ညွှေသည်ကြောင့်လား'

ဟု မေးလိုက်သည်။

ထင်ရှုံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'သူတို့က'

'သူတို့ဟာ ချူသခင်မလေးကို အလိုရှိနေတယ်'

ဖုန်လူက

'သူတို့ဟာ အချင်းချင်းတွေပဲ မဟုတ်လား'

ထင်ရှုံက တည်ကြည်သောမျက်နှာဖြင့် ပြောသည်။

'ဓားခြင်းနဲ့ ချူအိမ်တော်တို့ဟာ ရွှေလက်ဝါးဂိုဏ်းရဲ့ အရေးပါတဲ့ ဌာနကြီးတွေဖြစ်ခဲ့တယ်၊ ဒါပေမယ့် မကြာခင်က ရွှေလက်ဝါးဂိုဏ်းမှာ ပြဿနာဖြစ်ပေါ်ခဲ့တယ် ချူအိမ်တော်က သစ္စာဖောက်ခဲ့တယ်လို့ပြောတယ်'



ဖုန်လူက

'ရွှေလက်ဝါး ဂိုဏ်းမှာ အချင်းချင်း စိတ်ဝမ်း ကွဲပြီး ပြဿနာဖြစ်နေတယ် ဆိုတဲ့ သဘောလား ဂိုဏ်းချုပ်ကြီး'

ထင်ရှုံ ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ရွှေလက်ဝါးဂိုဏ်း ပြိုကွဲပျက်စီးအောင် ချူအိမ်တော်က ကြိုးစားခဲ့တဲ့ အပြင် မသူတော် တစ်ယောက်နဲ့ ပေါင်းပြီး သိုင်းလောကကိုပါ ဖျက်ဆီးဖို့ ကြိုးစားနေတယ်လို့ သိရတယ်'

ဖုန်လူက

'ဂိုဏ်းချုပ်ကို တောင်းပန်ချင်ပါတယ်၊ ကျုပ်ဟာအမှိန့်ကြောင့်သာ ချူသခင်မလေးကို လိုက်ဖမ်းခဲ့ရပေမယ့် ဘဝင်မကျမိတာ အမှန်ပါပဲဗျား ချူအိမ်တော်ဟာ သိုင်းလောကတစ်ခုလုံး ကြည်ညိုခဲ့ကြတဲ့ နေရာတစ်ခုပဲ မဟုတ်လား'

ထင်ရှုံက

‘ရှင်းရှင်းပြောရရင် သူတို့ကိစ္စထဲမှာ ကျုပ် ပါဝင်ချင်တာ မဟုတ်ဘူး၊ ရွှေလက်ဝါးဟာ ကျုပ်တို့ထက် အဆပေါင်းများစွာ ထင်ရှားပါတယ်၊ ယှဉ်ကြည့်ရင် လဝန်းနဲ့ ပိုးစုန်းကြူးလို ကွာခြားနေတာကို တွေ့ရမှာပါ၊ ချူမိန်းကလေးကျုပ်ဆီ ရောက်လာတာ အကူအညီတစ်ခုခု လိုအပ်နေတာကြောင့် ဖြစ်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်၊ ကျုပ်ကသူ့ကိုမကူညီနိုင်တဲ့အပြင် ဒုက္ခပေးသလို ဖြစ်ခဲ့ရတာက ခေါ်ခြံဝင်းက လူယူလာတဲ့ သတင်းကြောင့်ပါပဲ’

ချူသခင်မလေးထက် စောပြီး ခေါ်ခြံဝင်းမှ လူတစ်ဦးက ကြိုတင် ရောက်နှင့်နေခဲ့သည်။

ထိုလူကြောင့် ထင်ရှံသည် စိတ်မပါဘဲ လုပ်ခဲ့ရခြင်း ဖြစ်ကြောင်း ပေါ်လွင်၏။

ထင်ရှံ ဆက်ပြောသည်။

‘ရွှေလက်ဝါးကို ချူအိမ်တော်ကသစ္စာဖောက်လိုက်တယ် ဒါကြောင့် ချူသခင်ကြီးကို ရွှေလက်ဝါးက ဖမ်းဆီးထားပြီဆိုတာ လာပြောတယ်၊ ဒါတင်မကသေးဘူး ချူသခင်မက ကျုပ်ဆီကို လာအကူအညီတောင်းလိမ့်မယ်ဆိုတာကို သူတို့သိ



နေကြပြီး လာရင် အကူအညီမပေးဖို့ ဖမ်းထားဖို့ ပြောသွားတယ်၊ တကယ်လို့သာ ကျုပ်က သူတို့စကား နားမထောင်ဘဲ သခင်မလေးကို ကူညီမယ်ဆိုရင် သူတို့က ကျုပ်တို့ကို ရန်သူလို သဘောထားရလိမ့်မယ်လို့ ခြိမ်းခြောက်သွားသေးတယ်၊ ကဲ-ပြောပါဦး ကျုပ် ဘယ်လမ်းကို ရွေးရမလဲ’

ဖုန်လူက

‘ခေါ်ခြံဝင်းက လူရဲ့ ပြောစကားကို လက်ခံ ယုံကြည်ပြီး ချူသခင်မလေးကိုဖမ်းဖို့ ကြိုးစားတာဟာ တစ်ဖက်သတ်ဆန်နေတယ်၊ တကယ်ဆိုရင် သခင်မလေးကိုလဲ လက်ခံတွေ့ဆုံပြီး အကျိုးအကြောင်း စုံစမ်းသင့်ပါတယ်၊ ဒါမှ ဘယ်သူ မှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာ ဝေဖန်လို့ရမှာ ဖြစ်တယ်၊ ကျုပ်ခုလို ပြောတဲ့အတွက် အပြစ်ပေးချင်ရင် ပေးပါ’

ထင်ရှံက

‘အပြစ်ပေးစရာ အကြောင်းမရှိပါဘူး၊ သခင်မလေးရဲ့ စကားကို ကျုပ် နားမထောင်ခဲ့တာ ထင်ယန်ဂိုဏ် ရဲ့ရှေ့ရေးကို တွေးပူပန်လို့ပါပဲ’

ဖုန်လှုက

'ရွှေလက်ဝါးမှာ ဘယ်လို ပြဿနာတွေ ဖြစ်ပေါ်နေလဲ ဆိုတာရော ဂိုဏ်းချုပ်သိခဲ့ရသားဗျာ၊ ဒါဆိုရင်သခင်မလေး ရောက်လာတာနဲ့ ပတ်သက်ပြီး ဆက်စပ်တွေးကြည့်လို့ရတယ်'

ထင်ရှုံက

'ချူအိမ်က သစ္စာဖောက်ခဲ့တယ်ဆိုတာသိရတယ်၊ဘယ်လို ဆိုတာ သေချာ မပြောသွားဘူး၊ ဒါပေမယ့် သေချာတာ ကတော့ သခင်မလေးကို ကူညီတာနဲ့ ထင်ယန့်ကို ဒုက္ခပေးကြ မယ်ဆိုတာပဲ'

ဖုန်လှုက

'ဒါကတော့ စော်ကားလွန်းပါတယ်'

ထင်ရှုံက

'ဟုတ်တယ်၊ ကျုပ်လဲ ခေါင်းအေးအေးထားပြီး အချိန် ယူ စဉ်းစားတဲ့ အခါ ချူအိမ်က ဒုက္ခရောက်နေပြီး ဓားခြံ ဝင်းက လူတွေ မမှုသားဘူးလို့ သိမြင်လာတယ်'



ဖုန်လှုက
'ဂိုဏ်းချုပ် ဘာကယ် ပြောတာလား'
ထင်ရှုံက

'ဟုတ်တယ်၊ ဒါကြောင့် တင့်ကျီထွက်သွားတာကို ကျုပ် သဘောကျတာပေါ့၊ ကဲ..ဖုန်လှု မင်းလဲ အချိန်ဖြုန်းမနေနဲ့ တော့ ထင်ကျီနောက်ကို လိုက်သွားပြီး ကူညီပါ၊ ဓားခြံဝင်း က လူတွေကို သတိထားပါ'

ဖုန်လှု ဝမ်းသာသွားပြီး

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး၊ကျုပ်က ထင်ယန့်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ဆယ်တင်နိုင်အောင် ကြိုးစားပါမယ်'

ထင်ရှုံက

'ကဲ—ကဲ မင်းလိုက်သွားပေတော့၊ ထင်ကျီ ဘယ်ကိုသွား မယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

'သိပါတယ်၊ သူဟာ သခင်မလေးကို ကူညီဖို့ လိုက်သွား တာပါ'

'ဒါဆိုရင် မင်းသွားပေတော့'

ဖုန်လူသည် အခန်းတွင်းမှ ထွက်သွားလေတော့သည်။

x x x

မျက်လုံးစိမ်းနှင့်လူသည် ဘုံကျောင်းအတွင်းသို့ဝင်ရောက်လာပြီဖြစ်သည်။

ချူမူနှင့် အိမ်ထိန်းကြီးတို့ ထိတ်လန့်သွားသည်။

အိမ်ထိန်းကြီးသည် ကာပျာကရာ လှူးလိမ့်ထပြီး....

'သခင်မလေး မြန်မြန်ပြေးပါ'
ဟု အော်ပြော၏။
သူမက



'ကျွန်မ မသွားဘူး'
'သခင်မလေး'
'ကျွန်မတို့ အတူ ရင်ဆိုင်ကြမယ်'

မျက်လုံးစိမ်းနှင့်လူမှာ ခေါင်းခါယမ်းလိုက်၏။

'မင်းတို့ ပြေးမလွတ်တော့ပါဘူး'
ပြောရင်း ရှေ့တိုးလာသည်။
အိမ်ထိန်း အံကြိတ်လိုက်ပြီး–

'ယာဓ'

ညာသံပေး၍ ထိုလူထံ ပြေးဝင် တိုက်ခိုက်လိုက်သည်။

ထိုလူက
'သွားစမ်း'

ဟု ဝေါက်၍ လက်ဝှေ့ယမ်းလိုက်ရာ
'ဝုန်း'
'အား'

စူးရှကျယ်လောင်သည့် အော်သံ ထွက်ပေါ်လာသည်။

အိမ်ထိန်းမှာ အခွေးသို့ လွင့်စဉ် သွားလေ၏။

'အိမ်ထိန်းကြီး'
သူမ အထိတ်တလန့်အော်၏၊
အိမ်ထိန်းထံပြေးရန်ပြင်၏။

သို့သော်
'ရပ်လိုက်စမ်း'

မျက်လုံးစိမ်းက ရုတ်ခြည်းပင် သူမရှေ့ ရောက်သွားသည်၊

သူမ အံ့ကြိတ်မိ၏၊

'လူယုတ်မာကြီး ဒီအထိတောင် လိုက်နှောင့်ယှက်နေတာ သိကြသေးတာပေါ့'

ဟု ကြုံးဝါးရင်း တချက်ကြမ်း တိုက်ခိုက်၏။



ထိုလူက
'မင်းဘာတတ်နိုင်မှာလဲ'
ပြောရင်း လက်ဝှေ့ယမ်းရာ-

'ဝုန်း'
'ဘာမယ်လေး'
သူမ လွင့်စင်သွားလေသည်။

ယခု

သူတို့နှစ်ဦး မျက်လုံးစိမ်းကို မယှဉ်နိုင်အောင် ဖြစ်နေ၏၊

ထိုလူက

'သခင်မလေး မင်း အေးဆေးစွာ လိုက်ခဲ့ရင်အဆက်ချမ်းသာစရာ ရလိမ့်မယ်'

ဟု ပြောစဉ် ရှေ့တိုးလာ၏။
သူမက
'ရှင့်ကို ကြောက်ရမှာလား'

ဟု ဝေါက်၍ တိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'သခင်မလေး သူ့ကို ကျုပ်ဟန့်တားထားပါမယ်၊ မြန်မြန် ပြေးပါတော့'

အိမ်ထိန်းအာ အောင်ပြောရင်း ထိုလူထံ ခုန်ဝင်တိုက်သည်၊

ယခုတစ်ကြိမ်....

သူက ခါးဆဲ့ကိုင်၍ တိုက်ခြင်း ဖြစ်သည်။

ထိုလူသည် လုံးဝ အမှုမထားဘဲ သူ၏ လက်မှ ခွာ:ထိုးလိုက်၍ ရင်ဝကို ပြန်လည် ထိုးစိုက်လိုက်၏။

'အ....'

စူးရှစွာ အော်ဟစ်သံ ထွက်လာသည်။
အိမ်ထိန်းလဲကျသွားလေသည်။



ထိုလူက

'မင်း အေးဆေးစွာ လိုက်ခဲ့ရင် လိုက်၊ ဒါမှ မဟုတ်ရင် ကျုပ် ချမ်းသာပေးမှာ မဟုတ်ဘူး'

သူမ ဒေါသထွက်နေသည်။
'သေဖို့သာပြင်ထား'
အော်ဝေါက် ခုန်ဝင်တိုက်၏၊

ထိုလူအာ
'သွားစမ်း'
ဟု လက်ဖြင့်ဝှေ့ယမ်းလိုက်ရာ....

'ဝုန်း'
သူမ လဲကျသွားသည်။
ထိုလူ နှာခေါင်းရှုံ့၏။

'မင်း ပြေးလို့ မရတော့ပါဘူး'
ဟုပြော၍ သူမထံ လှမ်းသွား၏၊
ထိုစဉ်

'ဝှစ် ဝှစ် ဝှစ်'

လေတိုးသံများ ထွက်လာပြီး ခေါင်းမြောင်နှစ်လက် မျက်လုံးစိမ်းထံ ပစ်လွှင့်လာသည်။

ထိုလူ မကျေမနပ် ဖြစ်မိ၏။
'သွားစမ်း'
ဟေါက်၍ လက်ဝှေ့ယမ်းပြီးရိုက်ထုတ်၏။

'ခြွင်း ခြွင်း'

ခေါင်းမြောင်နှစ်လက်မှာ အခြားသို့ လွင့်စင်သွားသည်။

'ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တာ ဘယ်သူလဲ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း'

မျက်လုံးစိမ်းက အော်ဟေါက်သည်။

ထိုအချိန်မှာပင် လူရိပ်တစ်ခုသည် ရိပ်ခနဲ ရောက်လာပြီး ထိုလူအား တိုက်လိုက်လေ၏။

Z Z Z



ဆိမ်ထိန်းသည် သွေးအိုင်ထဲ၌ ခွေခွေလေး လဲကျနေ၏။

ချုံမှသည်လည်း ဒဏ်ရာများ ရရှိနေပြီဖြစ်သည်။

သူမသည် ကြမ်းပြင်ပေါ်မှ လူးလိမ့် ထလာသည့်အခါ ဒယီးဒယိုင်ဖြစ်နေသည်။

ထိုလူသည် ဘုံကြောင်းသို့ ခုန်ဝင်လာသည့် အဖြူရောင်ဝတ်ဆင်သူနှင့် ယှဉ်ပြိုင်နေသည်။

သူမအံ့ဩမိသည်။

'ထင်ယန်ဂိုဏ်းရဲ့လက်ထဲက ငါတို့ကိုကူညီခဲ့တဲ့လူပါလား'

ဟု ရေရွတ်သွက်သည်။
ဝတ်စုံဖြူသည် ယှဉ်ပြိုင်ရင်း...
'မိန်းကလေး ပြေးတော့'

ဟု အော်ပြောလိုက်၏။

သူမ ရင်ထိတ်မိသည်။

'သူက ငါ့ကို သိနေတာပဲ၊ သူဘာယ်သူများပါလိမ့်'

သူမ ငေးနေစဉ်...
'ယား'
'ခုန်း'

ကျယ်လောင်သည့်အသံများထွက်ပေါ်လာသည်ကိုကြား
လိုက်ရသည်။

မျက်လုံးစိမ်းအ ခြေထောက်ဖြင့် ဆန့်လိုက်သဖြင့်

ထိုလူမှာ အဝေးသို့ လွင့်စင်သွားခြင်း ဖြစ်သည်။

သူမ မျက်နှာပျက်မိသည်။

မျက်လုံးစိမ်းသည် အလွန် ကြောက်စရာကောင်းပြီး မည်
သို့မျှ မယှဉ်နိုင်ကြောင်း သဘောပေါက်သည်။

'ဟား ဟား ဟား'



ထိုလူ ရယ်လိုက်သည်။

'ထင်ယန်ဂိုဏ်းက ဝင်ရှုပ်ချင်ကြပြီပေါ့လေ၊ ကောင်းပြီ
ကြောခင် ဆုံးမခံရမယ်မှတ်ထား'

ဟု ကြုံးဝါးလိုက်၏။

သူမ အံ့ဩမိသည်။

'ဝတ်စုံဖြူဟာ ထင်ယန်ဂိုဏ်းက လူတစ်ယောက်လို့များ
ပြောနေတာလား'

ဟု တွေး၏။

ဝတ်စုံက လှုးလိမ့်ထလာပါသည်။
'မိန်းအလေး ပြေးပါတော့'
အော်ပြောလာသည်။

ထိုလူ ခေါင်းခါလိုက်၏၊

'မင်းတို့ ပြေးမလွတ်တော့ဘူး၊ ဆိုတာ မှတ်ထားပါ'

ပြောရင်း ရှေ့တိုးလာသည်။
ဝတ်စုံသည် သူမအတွက် စိုးရိမ်နေပုံ ရှိ၏။
'မိန်းကလေး မြန်မြန်ပြေးပါ'

အော်ပြောရင်း ထိုလူ့ထံ ပြေးဝင်တိုက်သည်။

ထိုလူက
'သွားစမ်း'
လက်ဝါးဖြင့် ရိုက်ချသည်။

'ဝုန်း'

'အား'

ဝတ်စုံမှာ အော်ဟစ်၍ လွင့်စင်သွားမြန်သည်။

'ဟား ဟား ဟား'

ထိုလူက ရယ်မောလိုက်သည်။

ဝတ်စုံထံ လှမ်းသွားရန် ဟန်ပြင်၏။



ထိုအချိန်မှာပင်

'ဟူး ဟူး ဟူး'

အဝတ်စား လေတိုးသံများ ထွက်ပေါ်လာ၍ ဝတ်စုံနက်များသည် ဘုံကျောင်းအတွင်းသို့ တစ်ဟုန်ထိုး ရောက်ရှိလာကြသည်။

ချူမူသာ မကျက်လုံးစိမ်းပါကြောင်အမ်းအမ်းဖြစ်မိ၏။
အနက်ရောင်တို့သည်
'ယား'

ညာသံပေး၍ ထိုလူထံ တစ်ဟုန်ထိုး ဝင်တိုက် ကြသည်။

ဝ ဝ ဝ

ချူမူသည် အဖြစ်အပျက်ကို မယုံနိုင်အောင် ဖြစ်မိသည်။

သူမနှင့် အိမ်ထိန်းတို့ ထင်ယန်ရိုက်းမှ ထွက်လာခဲ့စဉ်အ ဝတ်စုံနက်တို့သည် လိုက်တိုက်၍ ဒုက္ခပေးခဲ့သည်။

ဝတ်စုံဖြူကြာ သူမအား ကူညီခဲ့ပါသည်။

ယခု ဘုံကျောင်းပျက်သို့ ရောက်လာသောအခါ ဝတ်စုံဖြူ လာကူညီခဲ့သည်။

ထိုအပြင်

မကြာမီကမှ ရန်မူခဲ့ကြသည့် ဝတ်စုံနက်တို့သည်သူမအား ရန်မမူသည့်အပြင် ကူညီလာနေပြီ မဟုတ်ပါလား။

အနက်ရောင် ခေါင်းဆောင်က....

'မြန်မြန် ပြေးကြပါတော့လား ဘာလုပ်နေတာလဲ'

ဟု အော်ပြောလိုက်သည်။

သူသည် အခြေအနေ မဟန်မှန်း သဘောပေါက်အဖြင့် စဉ်းစားပနေဘဲ—

'မြန်မြန်လာ'

ဟု အော်ပြော၍ သူမလက်ကိုဆွဲပြီး ဘုံကျောင်းအပြင် ခုန်ထွက်လိုက်သည်။



အငိုက်မိသည့် ချုမူမှာ ထိုလူခေါ်ရာနောက် ပါလာ၏။

'အိမ်ထိန်းကြီး'

သူမ၏ အထိတ်တလန့် အော်သံ ထွက်ပေါ်လာသည်။

အိမ်ထိန်းကား သူမနောက် လိုက်နိုင်တော့မည် မဟုတ်။

ဓားအိုင်ထဲ၌ ခွေခွေလေး လဲကျရင်း ကျန်ရစ်ခဲ့ရှာ၏။

ဝတ်စုံနက်များအား ဝိုင်းဝန်း ဟန့်တားနေကြသဖြင့် မျက်လုံးစိမ်းသည် သူမ၏ နောက်သို့ မလိုက်နိုင်ဘဲ ဘုံကျောင်းထဲ၌ ကျန်ရစ်ခဲ့လေသည်။

o ※ o

အမုန်း

---

ထင်ယန်ဂိုဏ်းနှင့် ထင်ယန်တောင်သည် မည်သည့်နေရာ၌ ကျန်ခဲ့သည်ကို မသိရပါချေ၊

ချူမူသည် ဝတ်စုံဖြူ ခေါ်ရာသို့ လိုက်ပါလာသည်၊

မျက်လုံးများ ပြာဝေနေသည်။

နှာထဲ၌ လေတိုးသံ တဟူးဟူး မြည်၍ ထွက်ပေါ်နေ၏၊

တစ်ညလုံးပြေးလာကြပြီးနောက် မိုးစင်စင်လင်းလာသည့် အခါ မြစ်ဆိပ်ပေါ်းတစ်ခုသို့ ရောက်ရှိလာကြသည်။



ကောင်းကင်ပေါ်တွင် တိမ်မည်းများ ညို့နေ၏၊

နေရောင်မမြင်ရဘဲ ရာသီဥတု အုံ့မှိုင်းနေသည်၊

သူ၏ စိတ်ထဲ မကြည်မလင် ဖြစ်နေပါသည်၊
ဝတ်စုံဖြူပြေးလွှားသည့်အရှိန်ကိုလျှော့ချလိုက်သည်နှင့်–

'ကျွန်မအကြောက်ကို လွှတ်စမ်း'
ဟု ခေါက်၍ ရှန်းထွက်၏၊
ဝတ်စုံဖြူ ခြေလှမ်းရပ်၏၊

သူမကို လှည့်ကြည့်ပြီး....

'ဒီနေရာက စိတ်မချရသေးဘူး၊ ဈေးအောင်ပြေးမှ ဖြစ်ထိမ့်မယ်'

ဟု ပြော၏၊
သူမ ခေါင်းခါ၏၊
'ကျွန်မ မပြေးဘူး'

'မင်း'

'ကျွန်မဟာ ချူအိမ်က ထွက်လာစဉ်တည်းက ထင်ယန်ဂိုဏ်းကို အရောက်သွားမယ်၊ ထင်ယန်ကို ရောက်ရင် ကျွန်မကို ကူညီကြမယ်လို့ မျှော်လင့်ခဲ့တယ်'

ဝတ်စုံဖြူက

'ဒါတော့ နောက်မှပြော၊ တို့သွားရအောင်'

ဟု လော်ဆော်၏။

သူမ လက်မခံပါ။

'ကျွန်မ ထင်ယန်ကို လာတဲ့ ခရီးတစ်လျှောက်မှာ ရန်သူကြောင့် ချူအိမ်က ကိုယ်ရံတော်တွေ သစ္စာရှိ လူယုံတော်တွေ တစ်ဦးပြီး တစ်ဦး ကျဆုံးခဲ့ရတယ်၊ ဒါပေမယ့် ကျွန်မတို့ အသက်စွန့်ပြီးလာခဲ့ကြတာ အလကားဖြစ်ခဲ့ရတယ်၊ထင်ယန်ရဲ့ သစ္စာဖောက်မှုကို ခံလိုက်ရတယ်'



သစ္စာဖောက်သည်ဆိုသောစကားကြောင့် သူ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

သူမ ဆက်ပြော၏။

'တစ်ချိန်က ကျွန်မရဲ့ ဖေဖေဟာ ထင်ယန်ဂိုဏ်းချုပ်ထင်ရှံ့ အသက်ကို ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှိတာကိုတောင် မထောက်ထားဘဲ ကျေးဇူးကန်းခဲ့တယ်၊ ထင်ယန်ကို ကျွန်မဘယ်တော့မှ မကျေဘူး'

ပြောရင်း သူမ၏အသံ တုန်ခါလာ၏။

သူမ၏ မျက်ဝန်း အစုံမှ မျက်ရည်များ ရစ်ဝဲလာ၏။

သူ သက်ပြင်းချလိုက်သည်။

'ချူမိန်းကလေး ဝတ်စုံနက်တွေဟာ မိန်းကလေးကိုတိုက်ခိုက်ခဲ့ကြပေမယ့် ဘုကျောင်းမှာ ကူညီခဲ့ကြတာပဲ၊ သူတို့ဟာ ထင်ယန်ဂိုဏ်းက လူတွေဆိုရင် သူတို့ရဲ့ လုပ်ရပ်ကို ကြည့်ရင်

အကြောင်းရှိလို့ဆိုတာ ထင်ရှားပါတယ်၊ သေချာစုံစမ်းပြီးမှ အပြစ်တင်သင့်ပါတယ်'

ချူမူက

'ဘာလဲ ရှင်ရော ထင်ယန်က လူတစ်ယောက်သား'

သူ၏ ခန္ဓာကိုယ် တုန်ခါသွားသည်။

သူမက–

'ရှင်ရော ဘယ်သူလဲ၊ ကျွန်မကို ကူညီခဲ့နတဲ့ ဘယ်လို အကြံရှိလို့လဲ ပြောစမ်းပါဦး'

ဟု မေး၏။

သူခေါင်းခါ၏။

'ကျုပ်မှာ ဘယ်လို အကြံအစည်မှ မရှိပါဘူး၊ ထင်ယန် အပေါ် အထင်လွဲမှာ စိုးလို့ ကူညီခဲ့တာပါ'

'ဪ...ရှင်က ထင်ယန် နာမည်ပျက်မှာ စိုးရိမ်နေတယ် ပေါ့ ဟုတ်လား'



သူမ စူပ်စွဲ၏။

သူက

'ထင်ယန်အပေါ်မှာ ကျေးဇူးရှိတယ်ဆိုရင် ဘယ်တော့မှ ကျေးဇူးကန်းမှာ မဟုတ်ပါဘူး၊ တကယ်လို့ ကျေးဇူးအန်း တဲ့ အပြစ်မျိုးရှိတယ်ဆိုရင်တောင် မရှောင်သာတဲ့ ကိစ္စတခုခု ရှိနေလို့ပဲ ဖြစ်ရပါမယ်'

သူမက

'ရှင်ဟာ ထင်ယန်ကလူဆိုတာ သေချာသွားပြီ၊ ကျွန်မက လဲ ရှင့်ကို ကျေးဇူးတင်မယ် မထင်နဲ့၊ ထင်ယန်က လူတွေကို တစ်ယောက်မှ ချမ်းသာမပေးဘူး'

စကားဆုံးလျှင် လျှပ်တစ်ပြက် တိုက်ခိုက်သည်။

'မလုပ်နဲ့'

သူက ကပျာကရာ နောက်ဆုတ် ရှောင်လိုက်သည်။

သူမက

'ရှင်ပြေးလို့ လွတ်မလား'

သူမသည် ထပ်တိုက်ဟန်ပြင်၏၊

သူက

'ကျုပ်ဟာ မိန်းမလေးကို ဒုက္ခပေးခဲ့ဖူးတယ်ဆိုရင်ကြွက် အလိုလုပ်နိုင်ပါတယ်'

ရင်ဖော့ပြီး ပြောသည်။

သူမသည် တိုက်ရန်ပြင်ပြီးမှ နောက်ဆုတ်သည်။

သူမ သူ့အား စိုက်ကြည့်ပြီး
'ရှင် ဘယ်သူလဲ ပြောပါ'
ဟု မေးသည်။

သူက

'ကျုပ်ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊မင်း ဟိုဘက် လမ်းကို အရောက်သွားနိုင်ဖို့က အရေးကြီးတယ်'

သူမက
'ဘာဖြစ်လို့ သွားရမှာလဲ'
ဟု မကျေမနပ်မေးသည်။



သူက

'ဟိုဘက်လမ်းကို ရောက်သွားရင် ဘယ်သူကမှ မင်းကို နှောင့်ယှက်ရဲမှာ မဟုတ်ဘူး'

သူမက
'ရှင်ဘာတွေ ပြောနေတာလဲ'
သူက

'မိန်းမလေးကို ဒုက္ခပေးသူတွေဟာ အင်မတန်ကြောက် စရာကောင်းသူတွေ ဖြစ်တာ မငြင်းနိုင်ပါဘူး၊ သူတို့ကိုလှေ လှူကြီးတောင် ဟန့်တားနိုင်လိမ့်မယ်'

သူမ ကြောင်အမ်းအမ်း ဖြစ်မိသည်။

'လှေလှူကြီး ဟုတ်လား'

'ဟုတ်တယ်၊ မြစ်ဘစ်ဖက်ကမ်း နယ်မြေမှာ လှေသူကြီး ကို လူတိုင်း ရိုသေ လေးစားကြရတယ်၊သူ့ပိုင်နက်ထဲ ရောက် ရင် မင်းရဲ့ရန်သူတွေဟာ မင်းကို ဒုက္ခပေးရဲမှာ မဟုတ်ဘူး'

သူမသည် ရန်သူလက်မှ သေပြေးရှင်ပြေး ပြေးနေရသည့် အဖြစ်ကို ပြန်မြင်မိသည်။

သူမအတွက် အကူအညီ လိုအပ်နေသည်အား အမှန်ပင်။

လှေသူကြီးသည် မည်သို့သောလူစားမျိုး ဖြစ်ပါသနည်း။

သူမအား ကူညီနိုင်ပါမည်လား။

သူမ တွေးတောနေစဉ်မှာပင်—

'မိန်းကလေး မြစ်ကို အမြန်ဆုံး ဖြတ်ကူးသွားပါ၊ ကျုပ်က လိုက်မပို့နိုင်တော့တာကို ခွင့်လွှတ်ပါ'

ဝတ်စုံဖြူ၏ စကားသံ တုန်ခါနေ၏။
ထိုအတူ—
သူ၏ခန္ဓာကိုယ်သည် တုန်ယင်လာ၏။

သူမ ကြောင်အမ်းအမ်း ဖြစ်သွားပြီး
'ရှင်....ရှင်'
သူသည် ဘာမှ မပြောနိုင်ပါ။



'ဝုန်း'
မြေပေါ် အရုပ်ကြီးပြုတ်လဲကျသွား၏၊
'ရှင်—ရှင်'

ချုံမှူ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေတော့၏။

× × ×

ပထမပိုင်း— ပြီး၏။

တက္ကသိုလ်သိဟအောင်